# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 22 December 2022 ၁၀၉၅၇


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပညာနှင့်ယှဉ်သောသတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်း၊ မှန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်အတွက် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းဖော်ဆောင်ကြရန် နှစ်သစ်ကူးအခါသမယတွင် အလေးအနက် ဖိတ်ခေါ်လို


### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် ကရင်တိုင်းရင်းသားအပေါင်းတို့ ခင်ဗျား –**

ယနေ့ ခရစ်နှစ် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၂ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခု၊ ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားအားလုံး ဂုဏ်ယူတန်ဖိုးထားကြသည့် နှစ်သစ်ကူး မင်္ဂလာနေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ နှစ်သစ်အခါသမယတွင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းစသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

### ပြောင်းလဲတိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး သုတေသနပြုပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးဘက်ပညာရှင်များဖြစ်လာအောင် သန္နိဋ္ဌာန်အပြည့်ဖြင့် ကြိုးစားဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၁

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✫

ကြေးမုံ

# မှန်ကန်တိကျတရားမျှတမှုဖြင့် ပြည်သူလူထုအကျိုးဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အားလုံးမျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီစနစ်ခိုင်မာရေး ဆောက်ရွက်ရာတွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း စသည့်အခြေခံလိုအပ်ချက်များ ဖြစ်ပေါ်စေရေးအတွက် တရားရေးကဏ္ဍသည် အလွန်အရေးကြီးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မွန်ပြည်နယ် တရားလွှတ်တော်အဆောက်အအုံသစ်ဖွင့်ပွဲ၌ "ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရှိစေရမည်၊ ထို့အပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်" ဟူသည့် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် "ဥပဒေအထက်တွင် မည်သူမျှမရှိစေရ" ဟူသည့်အတိုင်း အဘက်ဘက်က မှန်ကန်တိကျပြီး တရားမျှတမှုရှိသည့် စီရင်ဆုံးဖြတ်ချက်များနှင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ဆောင်ရွက်နိုင်ကြရန်" တိုက်တွန်းထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း ခေတ်ကာလနှင့်မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာဆောင်ရွက်လျက်ရှိပြီး ပြဋ္ဌာန်းထားသောဥပဒေများအတိုင်းသာ ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

တရားစီရင်ရေးသည် ပြည်သူလူထုယုံကြည်အားထားရသည့် တရားစီရင်ရေးဖြစ်ရန် အရေးကြီးသည်။ တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အထူးအရေးကြီးသည့်ကဏ္ဍဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုဘဝလုံခြုံစိတ်ချမှုရှိစေရေးအတွက် မရှိမဖြစ်လိုအပ်သောအခန်းကဏ္ဍဖြစ်သည်။ တရားစီရင်ရေးသည် အမှားအယွင်းမခံသည့်ကိစ္စဖြစ်ပြီး အပြစ်ရှိသူတစ်ယောက်ကို ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ရန်လိုအပ်ပြီး အပြစ်မရှိသူတစ်ယောက်ကို မှားယွင်းအပြစ်ပေးမိခြင်းမျိုး မဖြစ်စေရန်လည်းလိုအပ်သည်။ ပြည်သူလူထု ယုံကြည်စိတ်ချပြီး အားကိုးအားထားပြုနိုင်ရေးအတွက် တရားရုံးများသည် ဥပဒေနှင့်အညီ လွတ်လပ်မှန်ကန်စွာဆုံးဖြတ်နိုင်ခြင်း၊ အဂတိတရားကင်းစင်ခြင်း၊ မှန်မှန်ကန်ကန်နှင့်မြန်ဆန်စွာဖြင့် အဆုံးအဖြတ်ပြုနိုင်ခြင်းများသည် အရေးကြီးသောအချက်များဖြစ်သည်။

ကျူးလွန်သည့် ပြစ်မှုနှင့် သင့်တော်သည့် ပြစ်ဒဏ်မျိုးကို မှန်မှန်ကန်ကန်ချမှတ်နိုင်ခြင်းသည် တရားစီရင်ရေး၏ အဓိကလိုအပ်ချက်ဖြစ်ရာ တရားသူကြီးများအနေဖြင့် ဥပဒေရေးရာတွင် နှံ့စပ်ကျွမ်းကျင်ပြီး စီရင်ထုံးများကို သိရှိနားလည်အောင် အစဉ်ကြိုးစားလေ့လာနေရန် လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူကို နောင်တွင် နောက်ထပ်ပြစ်မှုမကျူးလွန်စေရေး ဟန့်တားနိုင်သည့် ပြစ်ဒဏ်စီရင်ချမှတ်နိုင်ရေးအတွက် တရားသူကြီးများ၏ အတွေ့အကြုံနှင့်ဆင်ခြင်တုံတရားများသည် တရားရေးမဏ္ဍိုင်တွင် အလွန်အရေးကြီးသည်ကို နိုင်ငံတော်အကြီးအကဲက အသိပေးမှာကြားထားသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများအပြားရှိ တရားရုံးများတွင် နည်းပညာကို အသုံးပြုပြီး တရားစီရင်ရေးဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ကွန်ပျူတာ၊ အင်တာနက်နှင့် ဆက်စပ်နည်းပညာပစ္စည်းများကို တရားစီရင်ရေးကဏ္ဍတွင် အသုံးပြုလာကြသကဲ့သို့ ဉာဏ်ရည်တု(AI) နည်းပညာကိုပါ အသုံးပြုလာပြီဖြစ်သည်။ သက်သေစစ်ဆေးရာတွင်လည်း Video Conferencing စနစ်ကို အသုံးပြုပြီး အဝေးရောက်နေသည့် သက်သေများစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင် အဆိုပါနည်းပညာများကို အသုံးပြုဆောင်ရွက်နေပြီဖြစ်၍ ကြိုဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍကို အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ဥပဒေနှင့်အညီ မှန်ကန်တိကျသည့် တရားမျှတသော တရားစီရင်ရေးစနစ်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## တွန်းဇံမြို့၌ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

တွန်းဇံ ဒီဇင်ဘာ ၂၁

ချင်းပြည်နယ် တွန်းဇံမြို့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇမ်းပီးအုပ်စု ဇမ်းပီးကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီကပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျိန်ဒိုးလျန်းက စီမံကိန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်လုပ်ငန်းအဖွဲ့များမှ ဇမ်းပီးကျေးရွာ ဝဋ္ဋစိုက်ပျိုးရေးအဖွဲ့များထံသို့ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေပေးအပ်ပွဲသို့ မြို့နယ်လုပ်ငန်းအဖွဲ့များနှင့် ဇမ်းပီးကျေးရွာမှ ဝဋ္ဋစိုက်ပျိုးရေးအဖွဲ့လေးဖွဲ့တို့ တက်ရောက်ပြီး တစ်ဖွဲ့လျှင် ငွေကျပ်ခုနစ်ဆယ့်ငါးသိန်းနှုန်းဖြင့် ရန်ပုံငွေကျပ်သိန်းသုံးရာကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှသိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၁၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၅၀၅ | ၄,၄၉၅,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၁,၀၂၆ | ၃,၃၃၄,၇၅၀ |
| MCB | ၇,၇၀၀ | ၇,၆၀၀ | ၅၇ | ၄၃၃,၄၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၆၃ | ၁,၁၉၇,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၄ | ၁၀,၄၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၀၀ | ၂၇၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဒီဇင်ဘာ ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၁.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၂၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၄၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၂၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၇၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၀.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၄.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၃.၁၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ✪ ရှေ့ဖုံးမှ

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ်မွေးမြူပြီး တစ်ဦးအပေါ် တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့်ဓလေ့ထုံးတမ်းအစဉ်အလာများမည်သို့ပင် ကွဲပြားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးအတူပူအမျှ၊ မရှိအတူရှိအတူ စည်းလုံးညီညာစွာဖြင့် ဆွေမျိုးသားချင်းပမာ လက်တွဲနေထိုင်ခဲ့ကြသည်။ ကရင်အမျိုးသားဆိုသည်မှာလည်း ကရင်မျိုးနွယ်စုတစ်ခုချင်းစီတို့၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူ လူမျိုးများအားလုံးကို ပေါင်းစည်းဆိုလိုခြင်း ဖြစ်ပါသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနေ့သည် ကောင်းမြတ်သော ကရင်သက္ကရာဇ်နှစ်၏ပထမနေ့ ဖြစ်ပါသည်။ နှစ်သစ်အလို့ငှာ ပြာသိုလဆန်း (၁) ရက်နေ့ ကျရောက်သောအခါ ကရင်အမျိုးသားများသည် အိမ်သစ်များကို တည်ဆောက်ကြခြင်း၊ ပစ္စည်းများကို အသစ်ပြုပြင်ကြခြင်းများ ဆောင်ရွက်ကြသည်ဟု သိရှိရပါသည်။ ထို့အပြင်တောင်ကုန်းထူထပ်သော နေရာသစ်တို့၌ တောင်ယာသစ်များ သတ်မှတ်ကြသည်။ ဤကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို အားလုံးသော ကရင်တိုင်းရင်းသားများက အလေးထားဂုဏ်ယူနေရာတိုင်းတွင် အသိအမှတ်ပြုကြကြောင်း သိရှိရပါသည်။

ကရင်ပြည်နယ်၏ အထင်ကရ သင်္ကေတသည် သံလွင်မြစ်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှု သင်္ကေတသည် ဖားစည်နှင့် ကျွဲချိုဖြစ်ပါသည်။ နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲနှင့် လိပ်ပြာခေါ်ပွဲစသည့် ဘာသာရေးဆိုင်ရာရိုးရာပွဲတော်များရှိပြီး ကရင်ဒုံးယိမ်းအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသောအကတစ်မျိုးဖြစ်ပါသည်။

ထို့အပြင် ကရင်လူမျိုးတို့သည် ကိုးကွယ်ရာဘာသာအလိုက် ရုပ်တုကိုးကွယ်သူကရင်များက နတ်များကို ကိုးကွယ်ပသခြင်း၊ ဗုဒ္ဓဘာသာကရင်များက ဘုရားရှိခိုးကြခြင်း၊ ကျောင်းဇရပ်သွားခြင်း၊ ကောင်းမှုကုသိုလ်အလှူဒါနများပြုလုပ်ခြင်း၊ သံဃာတော်များထံမှ တရားနာယူခြင်း၊ ခရစ်ယာန်ဘာသာကရင်များက ဘုရားရှိခိုးခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းစသည်တို့အပြင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုအလိုက် ကရင်မျိုးနွယ်စုအားလုံးတို့သည် ဘာသာရေးပွဲတော်များကို ပြုလုပ်ကြခြင်းရှိကြပါသည်။ ထို့ကြောင့် ကရင်အမျိုးသားများ၏သမိုင်းတွင် ဤကရင်နှစ်သစ်ကူးနေ့ကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပျော်ပွဲရွှင်ပွဲများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ခမ်းခမ်းနားနား ကျင်းပလျက်ရှိကြပါသည်။

**တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား –**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများမှာလည်း လျော့နည်းတိမ်ကောပပျောက်မှုများ ဖြစ်လာနိုင်သဖြင့် အလေးထားထိန်းသိမ်းကြရန် တိုက်တွန်းအပ်ပါသည်။

ကရင်တိုင်းရင်းသားများ၏ ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် စာပေ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှုများကိုလည်း နောင်အနာဂတ် တိုင်းရင်းသားလူငယ်များက ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက် သွားနိုင်မည်ဆိုပါက ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သော ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။ ကရင်တိုင်းရင်းသားများအနေဖြင့်လည်း ပညာနှင့်ယှဉ်သောသတ္တိ၊ မေတ္တာနှင့်ယှဉ်သော ရဲရင့်ခြင်း၊ မွန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်အတွက် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ဖော်ဆောင်ကြရန် နှစ်သစ်ကူးအခါသမယတွင် အလေးအနက် ဖိတ်ခေါ်လိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား–**

ကရင်ပြည်နယ်အတွင်း ရှိနှင့်ပြီးဖြစ်သည့် သယံဇာတအရင်းအမြစ်များနှင့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ကရင်ပြည်နယ်သည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ စီးပွားရေးအင်အားကောင်းလျှင် တိုင်းပြည်သာယာဝပြောပြီး တည်ငြိမ်မှုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံအားဖြင့် စီးပွားရေးအားကောင်းအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့က ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် တစ်နိုင်ငံလုံး သာယာဝပြောလာနိုင်မည်ဖြစ်ပါသည်။

> ☆ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်**

လူမှုစီးပွားဟုဆိုရာတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ပါဝင်ပြီး ပညာရေးသည် အဓိကကျပါသည်။ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ရာ လူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်ရေး ဆောင်ရွက်ပေးရန်လိုပါသည်။ မိမိတို့နိုင်ငံတွင် လုံးဝကျောင်းမနေဖူးသူများရှိနေပြီး ကျောင်းနေသူများတွင်လည်း အဆင့်အလိုက် ကျောင်းထွက်မှုများနေသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင်ကျောင်းမနေဖူးသူ ပိုမိုများပြားသည်ကို တွေ့ရပြီး ပြည်နယ်အချို့တွင် ကျောင်းမနေဖူးသူ ရာခိုင်နှုန်းမှာ ပြည်ထောင်စု၏ ပျမ်းမျှနှုန်းထက် ပိုမိုများပြားသည်ကို တွေ့ရပါသည်။ စာရင်းများအရ ကရင်ပြည်နယ်တွင် အသက် ၁၅ နှစ်နှင့်အထက် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၇၅ ရာခိုင်နှုန်းခန့်ရှိသဖြင့် ပညာရေးကဏ္ဍတွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထား ဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန် လိုအပ်ပါသည်။ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်မှသာ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ တစ်နိုင်ငံလုံး ကျေးလက်ဒေသများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးသည် အသိပညာ၊ အတတ်ပညာ ကြွယ်ဝရန် လိုအပ်သကဲ့သို့ မျိုးဆက်သစ်ပညာတတ်လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်လည်း လိုအပ်နေကြောင်း တွေ့ရပါသည်။ **“အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်”** ဖြစ်၍ လူငယ်များပညာသင်ကြားရေးကို အလေးထား ဆောင်ရွက်ကြမှသာ နိုင်ငံတော်၏ အနာဂတ်ကောင်းကျိုးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

မိမိတို့ပြည်နယ်အပါအဝင် နိုင်ငံတော်ကြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်မှာ မျိုးဆက်သစ်များကို ကောင်းမွန်စွာပြုစုပျိုးထောင်ပေးရန် အရေးကြီးပါသည်။ အနာဂတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာကြမည့် လူငယ်များသည် မိမိတို့အတွက် အသိပညာ၊ အတတ်ပညာများ တိုးတက်သည်ထက်တိုးတက်အောင် ရှာဖွေဖြည့်ဆည်းနေကြရမည်ဖြစ်ပြီး တိုင်းပြည်နှင့်လူမျိုး၊ ဘာသာသာသနာကို တန်ဖိုးထားသည့် စိတ်ဓာတ်များမွေးမြူနိုင်ရေးကိုလည်း သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းမှုမရှိသည့်ဒေသတွင် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အလှမ်းဝေးနေမည် ဖြစ်သကဲ့သို့ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝများမှာလည်း နိမ့်ကျနေမည်ပင်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများကို တရားဥပဒေနှင့်အညီ သိမ်မွေ့ညင်သာစွာ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းနိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိရာ တိုးတက်မှုများရှိနေပါသည်။ နိုင်ငံရေး၊ တိုင်းရင်းသားရေးများကြောင့် ကရင်ပြည်နယ်အတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့သဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားများကို ကျော်လွှားနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးတက်လာနိုင်စေရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနေပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည်လည်း ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်ရာ ထိုသို့ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်သည့် လက်နက်ကိုင်သံသရာမှ ရုန်းထွက်ကြရန် အချိန်ကျပြီဖြစ်ကြောင်း တိုက်တွန်းဖော်ပြအပ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်မှာ အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူအားလုံးတို့ အကျိုးအတွက် လက်နက်ကိုင်လမ်းစဉ်နှင့် လက်နက်ကိုင်ပဋိပက္ခများကို စွန့်ခွာ၍ တွေ့ဆုံဆွေးနွေးမှုများမှ တစ်ဆင့် နိုင်ငံရေးလမ်းကြောင်းအမှန်ပေါ်မှ ငြိမ်းချမ်းစွာ လျှောက်လှမ်းကြရန် လွန်စွာအရေးကြီးလှပါသည်။

ထိုကဲ့သို့ ထာဝရငြိမ်းချမ်းရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးကို နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်မှသာ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်မှာ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ယနေ့ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် တိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ကရင်အမျိုးသားနှစ်သစ်ကူးအခါသမယတွင် တိုက်တွန်းနှိုးဆော်ရင်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် သင်တန်းဆင်းမိန့်ခွန်းပြောကြားစဉ်။

☆ နိုင်ငံတော်မှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံ တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများ ဖြစ်သည့် တပ်မတော် ဆေးတက္ကသိုလ်၊ စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



**အလေးပြုခြင်းကိုခံယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနေ့လျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၃)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဟိန်းထွန်းဇော်၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ ဗိုလ်လောင်း မင်းခန့်ကျော်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းကျော်သူရတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာ သင်တန်းတွင် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများ တတ်ကျွမ်းရမည့် စစ်ပညာနှင့် စာပေပညာရပ်များကို ခွဲ၊ လုံ့လ၊ ဝီရိယအပြည့်နှင့် အပတ်တကုတ် ကြိုးစားသင်ယူ အောင်မြင်ခဲ့ကြပြီး တပ်မတော်က ယုံကြည်အားထားရမည့် ဆရာဝန်ဆေးမှူး၊ အရာရှိများအဖြစ် တာဝန်ကျရာ ဒေသအသီးသီးကို သွားရောက် တာဝန်ထမ်းဆောင်ကြရတော့မည် ဖြစ်သည့်အတွက် မှာကြားစရာ ရှိသည်များကို အလေးအနက်ထား မှာကြားလိုကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်ကို **"တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဟူသည့် ရည်ရွယ်ချက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး တပ်မတော်အရာရှိ ဆရာဝန်များ လေ့ကျင့်မွေးထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများသည် ယနေ့မှစပြီး တာဝန်ကျရာဒေသနှင့် တာဝန်ထမ်းဆောင်ရမည့် တပ်အသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရတော့မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော် ကာကွယ်ရေးအတွက် တာဝန်ရှိသည့် တပ်မတော်သားတစ်ဦးဖြစ်သည်နှင့်အညီ လိုအပ်လာပါက စစ်မြေပြင်တွင် စစ်ဆင်ရေးတာဝန်များကိုပါ ပူးတွဲထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် စစ်ပညာနှင့် စာပေပညာများကို လက်တွေ့နယ်ပယ်တွင်အသုံးချနိုင်ရန်အတွက် အမြဲမပြတ် လေ့လာကြိုးပမ်း နေရမည်ဖြစ်သကဲ့သို့ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန် (Make Fit to Fight)"** ဆိုသည့် ရည်မှန်းချက် တာဝန်ကိုလည်း တစ်ထောင့်တစ်နေရာမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

တာဝန်ကျရာဒေသ အသီးသီးရှိ တပ်မတော်သား မိသားစုဝင်များ၏ ကျန်းမာရေးသာမက တိုင်းရင်းသား ညီအစ်ကိုများ၏ ကျန်းမာရေးကိုလည်း **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း စေတနာတရား၊ အကြင်နာတရားအပြည့် ဖြင့်ပြုစုစောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် **ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည် (Prevention is better than cure)** ဆိုသည့်အတိုင်း ကိုယ်စီကျန်းမာရေး အသိ၊ ကျန်းမာရေးသတိများ မြင့်မားလာအောင် အသိပညာ ဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာ ပညာပေးသည့်လုပ်ငန်း များကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြရန်မှာကြားလိုကြောင်း။

ဆေးမှူးများ ဖြစ်လာမည့် ကျောင်းဆင်း အရာရှိများသည် တပ်မတော်သားတစ်ဦး အနေဖြင့် စည်းကမ်းလိုက်နာခြင်းနှင့်ကျန်းမာကြံ့ခိုင်အောင် နေထိုင်ခြင်းတို့ကို အဓိက ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းလိုက်နာမှု အားကောင်းမှသာ အထက်အောက် အပြန်အလှန် ယုံကြည်လေးစားမှု ရှိလာပြီး တာဝန် ထမ်းဆောင်ရာတွင် စည်းလုံးညီညွတ်စွာ တာဝန် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှု ရှိမှလည်း စွမ်းရည် ထက်မြက်သည့် တပ်မတော်သားကောင်းတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကို ဒစ်ဂျစ်တယ် အင်တာနက် နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)တို့ ပေါင်းစပ်ထားသည့် စက်မှုတော်လှန်ရေး စတုတ္ထခေတ် (Industry 4.0)ဟု ပညာရှင်များက သတ်မှတ်ထားကြပြီး ကုန်ပစ္စည်းထုတ်လုပ်မှု၊ သယ်ယူပို့ဆောင် ဖြန့်ဖြူးမှုလုပ်ငန်းများတွင် လူလုပ်အသိဉာဏ်မြင့် စက်ရုပ်များ၊ သုံးဖက်မြင် နည်းပညာများ၊ နည်းပညာမြင့် ဒစ်ဂျစ်တယ် ကိရိယာများကဲ့သို့သော လျှပ်စစ်ပစ္စည်းများ အသုံးပြု ဆောင်ရွက်လာကြပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ စက်မှုတော်လှန်ရေး စတုတ္ထခေတ်တွင် ဖွံ့ဖြိုးတိုးတက်လာသည့် ဒစ်ဂျစ်တယ်နှင့် ကွန်ပျူတာနည်းပညာများကို ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ တွင်ကျယ်စွာ အသုံးပြုရန် ကမ္ဘာ့နိုင်ငံအများအပြားတွင် ပြင်ဆင်နေကြပြီ ဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေ့လျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

## ☆ သစ္စာဆိုသည့်စကား၏ အဓိပ္ပာယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာ စောင့်ရှောက်ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရားပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာ ပြည့်နှက်နေမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို သင်ခန်းစာယူပြီး မိမိအဖွဲ့အစည်းနှင့် မိမိအလုပ်အပေါ် ကတိသစ္စာမြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့်ဆေးပညာကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ် မြဲကြရန် အလေးအနက်ထား မှာကြားလို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၄ မှ

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လူကိုယ်တိုင် ဝင်ရောက်ထိန်းချုပ်ပြီး ခွဲစိတ်ကုသမှုပြုလုပ်နိုင်သည့် စက်ရုပ်များနှင့် သုံးဖက်မြင်နည်းပညာ (Three Dimension) ကို အသုံးပြုပြီး တိကျမှုအလွန်ကောင်းမွန်သည့် ခြေတုလက်တု ထုတ်လုပ်နိုင်သည့် စက်များကိုပါ တီထွင်ဖန်တီး အသုံးပြုနေကြပြီဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာပိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဟိန်းထွန်းဇော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းခန့်ကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စာပေဆုရရှိသူ ဗိုလ်လောင်း ကျော်သူရအား ဆုပေးအပ်ချီးမြှင့်စဉ်။

လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး သမိုင်းအစဉ်အလာ ကြီးခဲ့သည့် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ပြီးခဲ့သည့်အောက်တိုဘာ ၁ ရက်က (၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်း ထိန်းသိမ်းလာသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ကြီးသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးကို သယ်ပိုးထမ်းရွက်လာခဲ့သည်မှာ ယနေ့ထိတိုင်ပင်ဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ အနေဖြင့် ဆေးရုံ/ ဆေးတပ်ရင်းများတွင် သာမက နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထုများအတွက် ပြည့်စုံလုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နယ်လှည့်ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တပ်မတော်အနေဖြင့် လိုအပ်သော ဆေးကုသရေးဆိုင်ရာ ယန္တရား/ ပစ္စည်းများဖြည့်တင်းပြီး နိုင်ငံအနှံ့ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ခွဲစိတ်ကုသခြင်းများ၊ မီးဖွားခြင်းများနှင့် ပြင်ပလူနာကြည့်ရှုကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တပ်မတော်ဆေးရုံများကိုလည်း လက်ရှိအချိန်တွင် ကျောက်ကပ်အစားထိုးကုသမှု၊ အသည်းအစားထိုးကုသမှု၊ နှလုံးသွေးကြောရောဂါရှာဖွေခြင်းနှင့် သွေးကြောချဲ့ကုသမှု၊ နှလုံးခွဲစိတ်ကုသမှု၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာရောဂါကုသမှု ပြုလုပ်နိုင်အောင် အဆင့်မြှင့်တင် ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် တပ်မတော်အနေဖြင့် နှလုံးနှင့် ဦးနှောက်ခွဲစိတ်ကုသခြင်း၊ နှလုံးသွေးကြောအား Stent ထည့်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်သွင်းခြင်း၊ ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း စသည့်အဆင့်မြင့် ပြုစုကုသမှုများကို နိုင်ငံတကာနည်းတူ ဆောင်ရွက်လာနိုင်သည်ကိုလည်း မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် (၇၅)နှစ်မြောက်စိန်ရတု ဆေးဝန်ထမ်းတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာလ ၂၇ ရက်နေ့တွင် တပ်မတော်အတွင်း ပထမဆုံးအကြိမ် အသည်းအစားထိုးကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တပ်မတော် ဆေးတပ်ဖွဲ့အတွက် လွန်စွာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူနှင့် ပတ်သက်လာပါက **“ပြည်သူသာအမိ၊ ပြည်သူသာအဖ”** ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ **“တပ်မတော်သည်အမျိုးသားရေးကိုဘယ်တော့မှ သစ္စာမဖောက်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာရပ်တည်နေသည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း။

### သမိုင်းတွင် မည်သို့မျှ ဖျောက်ဖျက်မရသည့် အမည်းစက်များ

မိမိတို့နိုင်ငံကို နှောင့်ယှက်ဖျက်ဆီးလိုသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော် တည်ငြိမ်မှုပျက်ပြားပြီး တရားဥပဒေစိုးမိုးမှု ကင်းမဲ့အောင် ဆူပူဆန္ဒပြခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ အကြမ်းဖက်ဖျက်ဆီးခြင်း၊ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးခြင်းများ လုပ်ဆောင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုအထဲတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်မြင့်မားနေချိန်အတွင်း ကျန်းမာရေးဝန်ထမ်း အချို့အနေဖြင့် အများပြည်သူ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို လျစ်လျူရှုရုံသာမက ကိုယ်ကျိုးမငဲ့ကွက်ဘဲ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးနေသူများကို နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းသည် သမိုင်းတွင် မည်သို့မျှ ဖျောက်ဖျက်မရသည့် အမည်းစက်များပင်ဖြစ်ကြောင်း။

လွဲမှားသည့် စိတ်ခံစားချက်နှင့် လှုံ့ဆော်ချက်များကြောင့် ဆရာဝန်များ၏ ကတိသစ္စာပြုအဓိဋ္ဌာန် ၉ ချက်ကို ချိုးဖောက်ပြီး အချို့ကျန်းမာရေး ဝန်ထမ်းများသည် နိုင်ငံအတွက် အရေးကြီးသည့် ကိုဗစ်-၁၉ ကပ်ရောဂါတတိယလှိုင်းကို ရင်ဆိုင်နေရချိန်၌ ဆရာဝန်ကျင့်ဝတ်သိက္ခာကင်းမဲ့ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သစ္စာမဲ့စွာဖြင့် မျက်ကွယ်ပြု ကျောခိုင်းခဲ့သည့် လုပ်ရပ်များကို ဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူအချို့ အသက်ဆုံးပါးခဲ့ခြင်းများကို စိတ်မကောင်းစရာ ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ဆရာဝန်တစ်ဦး၏ ကတိသစ္စာပြုအဓိဋ္ဌာန် ၉ ချက်ကို ရွတ်ဆိုသစ္စာပြုကာ ဆရာဝန်ဘဝကို ခံယူခဲ့ပြီး သူတစ်ဦးသည် လူသားတို့၏ အသက်ကိုကယ်တင်ရန် ပျက်ကွက်ခဲ့ပါက အဆိုပါဆရာဝန်များသည် သစ္စာမဲ့သူ၊ လူနာများအပေါ် ထိခိုက်ကျူးလွန်ခဲ့သူများသာ ဖြစ်ကြောင်း၊ သစ္စာဆိုသည့်စကား၏ အဓိပ္ပာယ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် မှန်ကန်စွာ စောင့်ရှောက် ဆောင်ရွက်ခြင်းဖြစ်ပြီး သစ္စာတရားတည်ကြည်ခြင်းသည် အကျိုးရလဒ်ဖြင့် ပြည့်ဝနေမည်ဖြစ်သကဲ့သို့ သစ္စာတရားပျက်ယွင်းခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်းများနှင့်သာ ပြည့်နှက်နေမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို သင်ခန်းစာယူပြီး မိမိအဖွဲ့အစည်းနှင့် မိမိအလုပ်အပေါ် ကတိသစ္စာမြဲကြရန်၊ မိမိတို့စောင့်ထိန်းရမည့် ဆေးပညာကျင့်ဝတ်များကို ခါးဝတ်ပုဆိုးသဖွယ်မြဲကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

တပ်မတော်သမိုင်းတွင် ဆေးဝန်ထမ်းတပ်ဖွဲ့ ဂုဏ်ဆောင်ဗိုလ်ကြီး သူရမွန်ထော်သက်ညွှန့်ကဲ့သို့ တိုင်းပြည်အတွက် အသက်စွန့် အမှုထမ်းခဲ့သူများ အမြောက်အမြားရှိသကဲ့သို့ နိုင်ငံတကာဆေးပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သည့် တပ်မတော်သားအရာရှိ **စာမျက်နှာ ၆ သို့ ☆**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘအုပ်ထိန်းသူများဖြစ်သည့် တပ်မတော်ဆေးတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

---

☆ စာမျက်နှာ ၅ မှ

ဆရာဝန်များလည်း ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြကြောင်း၊ အဆိုပါ အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး အနာဂတ်တာဝန်များ ပခုံးပြောင်းထမ်းဆောင်ကြရမည့် သူများသည် စစ်ဘက်၊ နယ်ဘက်ဥပဒေများကို တိကျစွာလိုက်နာကြရမည် ဖြစ်ကြောင်း။

**“သမားဇာနည် အောင်စစ်သည်”** ဟူသည့် တပ်မတော်ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် ဆေးမှူးအရာရှိကောင်းများ ဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်သွားကြရန်၊ ပြောင်းလဲတိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး သုတေသနပြုပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးဘက်ပညာရှင်များ ဖြစ်လာအောင် သန္နိဋ္ဌာန်အပြည့်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်၊ တာဝန်ကျရာ တပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန်၊ တပ်မတော် ဆေးတက္ကသိုလ်၏ ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်ကို မြှင့်တင်ပြီး ထူးချွန်ထက်မြက်သည့် ဆေးသိပ္ပံပညာရှင်ကောင်း တစ်ဦးဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ**

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများ ရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သင်တန်းကာလခုနစ်နှစ်တာ ကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ထူးချွန်ဆုများရရှိခဲ့ခြင်း ဖြစ်သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများ ရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လူသားတစ်ဦးတွင်ရှိသင့်သည့် ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းပြီး ကိုယ်ကျင့်တရား ကောင်းသည့်သူများ ဖြစ်အောင်လည်း နေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း၊ **ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက် သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘကျေးဇူးကို မိဘများ၏ စကားကို နားထောင်ခြင်းအားဖြင့် ကျေးဇူးဆပ်ရမည် ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော် ဆေးတက္ကသိုလ်၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**ကြောင်း၊ ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်ပြီး မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက် ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန် လိုကြောင်း၊ ထို့အပြင် **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် ခေတ်အလိုက် ပေါ်ထွက်နေသည့် အသစ်အသစ်သော ပညာရပ်များကို မျက်ခြည်မပြတ်စေရေး ဘဝတစ်လျှောက်လုံးတွင် လေ့လာဖတ်ရှုမှတ်သားမှုကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည်** ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၃) ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်မင်းဦးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံရေး မောင်းနှင်အားတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ အရာရှိကြီးများနှင့် စက်ခေါင်းစက်ရုံ (အင်းစိန်)မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့်အချိန်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများလည်ပတ်နိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံဆွေးနွေးမှုများနှင့် အကြံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေးစွမ်းပကားများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ နိုင်ငံရေး မောင်းနှင်အားတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံအတွင်းရှိ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုများ ရှိမည်ဆိုပါက နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေး မောင်းနှင်အား ကောင်းမွန်မှသာလျှင်လည်း ချမ်းသာကြွယ်ဝမှုရှိမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးမောင်းနှင်အား ကောင်းမွန်သည့်နိုင်ငံများသည် ဩဇာရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းပကား ထက်မြက်သည့် နိုင်ငံများသည်လည်း ကမ္ဘာတွင် ဩဇာရှိသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့၏ အချုပ်အခြာအာဏာကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မီးရထား စက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်း အရန်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့နိုင်ငံသည် စီးပွားရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် ရေမြေသဘာဝများရှိပြီး ဖြစ်ကြောင်း၊ သို့သော်လည်းလွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှု မရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် စီးပွားရေးအရ ပိတ်ဆို့ခံရမှုများကြောင့် ကုန်သွယ်မှု လိုငွေများဖြစ်ပေါ်ခဲ့ခြင်း၊ ကုန်သွယ်မှု ကျဆင်းခြင်းတို့ကြောင့် စီးပွားရေး ကျဆင်းမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူ၍ အတည်ပြုပြဋ္ဌာန်းပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် တိုင်းရင်းသားများအားလုံးကို တူညီသည့် အခွင့်အရေးများ ပေးထားပြီးဖြစ်ပြီး ဖက်ဒရယ်အခွင့်အရေးများကို ပေးထားခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြုလုပ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏လိုလားချက်များမှ အခြေခံဥပဒေအရ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့သော ကိစ္စရပ်များကို လွှတ်တော်တွင် မဲခွဲဆုံးဖြတ်၍ အတည်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံချိန်များတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်လိုသည့် ကိစ္စရပ်များအနက် ဖြစ်နိုင်သည့် ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေး တပ်မတော်မှ သဘောတူညီသည်ကို ဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကလိုအပ်ချက်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည့်အတွက် ယခုကဲ့သို့ နိုင်ငံ၏ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးသမိုင်းကြောင်းကို ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

## နိုင်ငံ၏ စီးပွားရေးမောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေ

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် နိုင်ငံအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ရပ်နေ၍မရဘဲ ကြိုးစားအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး ကောင်းမွန်မှသာလျှင် တိုင်းသူပြည်သားများ ဝင်ငွေကောင်းမွန်မည်ဖြစ်ပြီး နိုင်ငံသည်လည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်ပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့သည်လည်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်ကြွယ်ဝရန်၊ ရင်းနှီးမြှုပ်နှံငွေများရှိရန်၊ မြေပေါ်မြေအောက် သယံဇာတများရှိရန်၊ လျှပ်စစ်ဓာတ်အား ရရှိရန်နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုရှိရန်တို့ လိုအပ်ကြောင်း၊ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ပါက ကုန်စည်စီးဆင်းမှုများသည်လည်း မြန်ဆန် လျင်မြန်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေးတို့ရှိပြီး ရထားဖြင့် ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးမောင်းနှင်အားတွင် ရထားပို့ဆောင်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးစနစ်ကို ယခုထက်ပိုမိုလျင်မြန်စွာ သွားလာနိုင်သည့်အဆင့်ထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများကို

**စာမျက်နှာ ၈ သို့**

✻ စာမျက်နှာ ၇ မှ
စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လည်း လိုကြောင်း၊ အလားတူ ရထားတွဲများ၊ စက်ခေါင်းတွဲများ၊ လူစီးတွဲ၊ ကုန်တင်တွဲများကိုလည်း အမြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နေရန် လိုကြောင်း။

မြန်မာ့မီးရထားသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် မီးရထားဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုသည် အရေးပါသည်ကိုလည်း သတိပြုစေလိုကြောင်း၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်စေရေး၊ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ရထားလမ်း ကွန်ရက်များအားလုံး ရထားပြေးဆွဲနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ခေါင်းစက်ရုံ(အင်းစိန်)၏ တာဝန်အနေဖြင့် ရထားတစ်စင်းလုံး၏ အဓိကဖြစ်သည့် စက်ခေါင်းတွဲများကို ထုတ်လုပ်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများကို အဓိကထား ထုတ်လုပ်တပ်ဆင်သည်ကို တွေ့ရှိရပြီး စက်ခေါင်းတွဲများ ကြံ့ခိုင်ကောင်းမွန်မှသာ မြန်မာ့မီးရထားကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်သုံးဆီဈေးနှုန်းမြင့်တက်မှုများကို ကြုံတွေ့နေကြရကြောင်း၊ စက်သုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်သုံး ပို့ဆောင်ရေးယာဉ်များကို ပြောင်းလဲအသုံးပြုနိုင်ရေး ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လျှပ်စစ်ရထားပြေးဆွဲနိုင်မည့် အခွင့်အလမ်းများ များစွာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရေနွေးငွေ့စက်ခေါင်းအား ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ် ပြုပြင်ထားရှိသည့် မီးရထားစက်ခေါင်း စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတွင်း၌ရှိသည့် သယံဇာတရင်းမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်မည့် အခြေအနေများသည် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရှိခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့အတွက် အကျိုးရှိမည့် စီမံကိန်းများ ဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများကို စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

အမှားအမှန် ခွဲခြားနိုင်ရေးအတွက် မိမိတို့နိုင်ငံ၌ ပညာတတ်လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာရန် လိုကြောင်း၊ လက်ရှိအချိန်၌ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံး ရထားစက်ခေါင်းတွဲများ အသုံးပြုနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေများရရှိရေး စီးပွားရေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

စက်ခေါင်းစက်ရုံ (အင်းစိန်)သည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့်ကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးရထားစက်ခေါင်းစက်ရုံအနေဖြင့် ရှေးကတည်းကပင် မီးရထားစက်ခေါင်းများ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ရထားများကို စတင်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အတွေ့အကြုံများကို အသုံးချ၍ နိုင်ငံအတွင်း မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့် လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့၏ရှိပြီးဖြစ်သည့် အစွမ်းအစများကိုအသုံးပြု၍မီးရထားစက်ခေါင်းနည်းပညာများကို ယခုထက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အသိပညာများနှင့် အတတ်ပညာများ တိုးတက်စေရေးအတွက် အမြဲမပြတ် ရှာဖွေလေ့လာဖတ်ရှုခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းခွင်အတွင်း အတွေ့အကြုံများဖလှယ်ခြင်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရေးအတွက်လည်း ဂရုတစိုက်ဖြင့်နေထိုင်ကြရန်လိုကြောင်း၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းများ သောက်သုံးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြစေလိုပြီး အကျိုးမရှိစေမည့် အသောက်အစားများကြောင့် ကုန်ကျမည့် ငွေကြေးများကို အကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ အလားတူ ရာသီဥတုနှင့် ကိုက်ညီသည့် နေထိုင်စားသောက်မှုများလည်းရှိရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ပြီး မိမိတို့ဘဝတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ (အင်းစိန်)မှ ဝန်ထမ်းများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်က လက်ခံရယူသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် မီးရထားဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မီးရထားစက်ခေါင်းစက်ရုံအတွင်း မီးရထားစက်ခေါင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ ပြုပြင်ထိန်းသိမ်းနေမှု၊ မီးရထားစက်ခေါင်း အရန်ပစ္စည်းများ ထုတ်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရေနွေးငွေ့စက်ခေါင်းအား ကျောက်မီးသွေးသုံးစက်ခေါင်းအဖြစ် ပြုပြင်ထားရှိသည့် မီးရထားစက်ခေါင်း စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ် ကြွယ်ဝရန်၊ ရင်းနှီးမြှုပ်နှံငွေများရှိရန်၊ မြေပေါ်မြေအောက် သယံဇာတများရှိရန်၊ လျှပ်စစ်ဓာတ်အား ရရှိရန်နှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်မှုရှိရန်တို့လို**

❖ **နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ပါက ကုန်စည်စီးဆင်းမှုများသည်လည်း မြန်ဆန်လျင်မြန်လာမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်**

❖ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏ရှိရင်းစွဲ သယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်သဖြင့် နိုင်ငံရေးအရ အားပြိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့အတွက် အကျိုးရှိမည့် စီမံကိန်းများဆောင်ရွက်နေမှုကို ကန့်ကွက်နေမှုများအား စဉ်းစားဆောင်ရွက်ကြစေလို**

## ပန်းတောင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

ပန်းတောင်း ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ (အခမဲ့) ကို ယနေ့နံနက် ၉ နာရီခွဲမှစ၍ ပြုလုပ်ပေးကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏လမ်းညွှန်ချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုနှင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး၊ ရောဂါများဖြစ်ပွားနေပါက စောလျင်စွာ ကုသခြင်းဖြင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်ပေါ်စေရေး၊ ဆောင်ရန်/ ရှောင်ရန်များအား သေချာစွာ သိရှိနားလည်ပြီးသက်တမ်းစေ့ နေထိုင်သွားနိုင်စေရေးတို့အတွက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ၂၁ ရက်နေ့တွင် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုးထံမှ သိရသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးမှုအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့ဝင်များမှ လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သင်းသင်းအေး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# ရေယာဉ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းနှင့်ပတ်သက်၍ နှစ်ပေါင်း ၅၀ ကျော်ကြာ အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အခန်းကဏ္ဍသစ်ကို ပြန်လည်စတင်ရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်နိုင်အေးတို့က မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ သမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက ပြည်တွင်း၊ ပြည်ပမှ ရေယာဉ်များကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုသင်္ဘောကျင်းသည် နှစ်ပေါင်း ၆၀ ကျော်သက်တမ်းရှိ အစဉ်အလာကြီးမားသည့် သင်္ဘောကျင်းတစ်ခုဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေး၏ သမိုင်းသစ်ကို အစပျိုးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရှည်လျားသည့်ကမ်းရိုးတန်းနယ်နိမိတ်နှင့် ရေပိုင်နက် နယ်နိမိတ်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် လုံခြုံရေးတို့အတွက် လိုအပ်သည့် ရေယာဉ်များကို တည်ဆောက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ရေကြောင်းပို့ဆောင်ရေးစနစ်သည် အကျိုးများစွာရှိသည့် ပို့ဆောင်ရေးစနစ်တစ်ခုပင် ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ သင်္ဘောကြီးများကို မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ပင် တည်ဆောက်နိုင်ရမည်ဖြစ်ပြီး ရေကြောင်းပို့ဆောင်ရေး ပြန်လည်ဖွံ့ဖြိုးလာရေးအတွက် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းသွားသင်္ဘောများ၊ ငါးဖမ်းသင်္ဘောများနှင့် အမြန်ရေယာဉ်များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်း ဒေသတွင်းနိုင်ငံများသို့ သွားလာကူးသန်းပြီး ကုန်စည်များ ပို့ဆောင်နိုင်သည့် သင်္ဘောများတည်ဆောက်ပြီး ရေကြောင်းပို့ဆောင်ရေးကို အဆင့်မြှင့်တင်နိုင်ရမည် ဖြစ်ကြောင်း၊ ကမ်းရိုးတန်းသွား Cruise Liner သင်္ဘောများကို တည်ဆောက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေယာဉ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပတ်သက်၍ နှစ်ပေါင်း ၅၀ ကျော်ကြာ အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း အခန်းကဏ္ဍသစ်ကို ပြန်လည်စတင်ရမည်ဖြစ်ပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှု၍ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေး

**ပဲခူး ဒီဇင်ဘာ ၂၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီပြီး ၎င်းတို့၏ကျန်းမာရေးအဆင့် တိုးတက်မြင့်မားလာစေရန်၊ ရောဂါရှိသော်လည်း ရောဂါလက္ခဏာမပြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများတွင် ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့် ရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိကုသနိုင်ပြီး ပိုမိုပြင်းထန်သော ရောဂါများနှင့် နောက်ဆက်တွဲပြဿနာများကို ရှောင်လွှဲနိုင်စေရန်၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျစိုက်ထုတ်ရမှုလျော့ကျစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပဏာမကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ စနစ်တကျလွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါအငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအစီအစဉ်ကိုလစဉ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**“တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။”**

[ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]



မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ
ဓာတ်ပုံ-သန်းနိုင်ဦး(ဇဖဲ)

**❋ ကျောဖုံးမှ**

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များနှင့် တိုးချဲ့ဆောင်ရွက်ရန်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် **“လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ”** ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် “လုပ်ငန်းကော်မတီ” ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

**❖ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်**

**❖ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ ဆောင်ရွက်ရာတွင် အောင်မြင်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများသာမက အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ရှိနေသည်ကိုလည်း နားလည်သဘောပေါက်ထားရမည်**

### ပိုမိုသတိထားမိလာကြ

၂၀၁၄ ခုနှစ်က အတည်ပြုထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို ပြန်လည်သုံးသပ်ကြည့်ပါက တိုးတက်မှုများရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်နေသည့် အကြောင်းအရာများကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားခဲ့သည့်ကာလအတွင်းနှင့် နှောင်းပိုင်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၏ အရေးပါမှုကို ပိုမိုသတိထားမိလာကြကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် သာမန်အားဖြင့်ကြည့်ပါက ငွေကြေးအကုန်အကျများသည်ဟု ထင်ရသော်လည်း နိုင်ငံသူ၊ နိုင်ငံသားများ၏ **“လူမှုစီးပွားထိခိုက်လွယ်မှုအခြေအနေများကို လျှော့ချပေးနိုင်ရန်”**၊ **“လူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်”**နှင့် **“အခြေခံဝင်ငွေ အထောက်အပံ့ဖြစ်စေရန်”** အတွက် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ ဆောင်ရွက်ရာတွင် အောင်မြင်မှုများနှင့် တိုးတက်ဖြစ်ထွန်းမှုများသာမက အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိနေသည်ကိုလည်း နားလည်သဘောပေါက်ထားရမည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ ရေရှည်တည်တံ့ရေး ဥပဒေပိုင်းဆိုင်ရာ ကျောထောက်နောက်ခံ ပြုထားနိုင်ရန်လည်း အရေးကြီးသည့်အတွက် “မြန်မာလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ဥပဒေ (မူကြမ်း)” ကို အပြီးသတ်ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားကြရန် လိုကြောင်း။

### စတင်စမ်းသပ်သုံးစွဲတော့မည်

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် “လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Social Management Information System–SMIS)”ကို ရေးဆွဲလျက်ရှိကြောင်းနှင့် လာမည့်နှစ်ဆန်းပိုင်းတွင် စတင်စမ်းသပ်သုံးစွဲတော့မည်ဟု သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုသည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် အရေးပါသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုလည်းဖြစ်ကြောင်း၊ “လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်” တည်ဆောက်ပြီးသည့်အခါတွင် အဆိုပါစနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် စင်ကာပူနိုင်ငံ အာရှနှင့်သမုဒ္ဒရာဒေသရှိသတင်းအချက်အလက်နည်းပညာဆိုင်ရာအသင်းချုပ် (Asian-Oceanian Computing Industry Organization-ASOCIO) မှ ကြီးမှူးကျင်းပခဲ့သည့် Digital Summit 2022 ပြိုင်ပွဲတွင် လူမှုရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုသတင်းစနစ် (Case Management Information System–CMIS) ဖြင့် Digital Government Award 2022 ဆုရရှိခဲ့ကြောင်း သိရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ အဓိက မဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP)” တွင် ပါဝင်သည့် အဓိကလုပ်ငန်းတစ်ခုဖြစ်ကြောင်း။

ထို့အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals)ကို မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း “မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း”ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**❖ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် အာဟာရပြည့်ဝရေးကိစ္စများ၊ ပညာရည်မြင့်မားရေးကိစ္စများ၊ (၅)နှစ်အောက် ကလေးသေဆုံးမှု လျှော့ချရေးကိစ္စများ၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးကိစ္စရပ်များအတွက် ရေးဆွဲပြဋ္ဌာန်းထားသော မူဝါဒများ၊ မဟာဗျူဟာစီမံချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အဆင့်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီး**

### အရေးကြီးသော လုပ်ငန်းနယ်ပယ်များ

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းနယ်ပယ်များဖြစ်သည့် အာဟာရပြည့်ဝရေးကိစ္စများ၊ ပညာရည်မြင့်မားရေးကိစ္စများ၊ (၅)နှစ်အောက် ကလေးသေဆုံးမှု လျှော့ချရေးကိစ္စများ၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးကိစ္စရပ်များအတွက် ရေးဆွဲပြဋ္ဌာန်းထားသော မူဝါဒများ၊ မဟာဗျူဟာစီမံချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အဆင့်အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယင်းသို့ သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏ လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို စောင့်ကြည့်ကြီးကြပ်ခြင်း (Monitoring) နှင့် အကဲဖြတ်သုံးသပ်ခြင်း (Evaluation)များ ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်သာမက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း မိမိတို့၏ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

### ဝိုင်းဝန်းဆွေးနွေးပေးကြစေလို

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သကဲ့သို့ ပြည်သူလူထုကို အမှန်တကယ် အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာပွင့်ဆန်းနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး ဆုံးဖြတ်ချက်မူကြမ်းများကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၃၂ /၂၀၂၂

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | မန်းသာမြိုင် | တော်လှန်ရေးကောင်စီဝင် |
| ၂။ | ဦးစိုးမြင့် | နိုင်ငံတော်ကောင်စီဝင် |
| ၃။ | ဦးမောင်ညို | နိုင်ငံတော်ကောင်စီဝင် |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ**

**သီဟသူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ကြည်း ၄၃၆၉၀ | ဗိုလ်မှူး စိုးသူရ | ကာကွယ်ရေးဝန်ကြီးဌာန |

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ကြည်း ၅၉၂၆၃ | ဗိုလ်ကြီး ထက်မြတ်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၃၉၄၆၁၉ | ဒုတိယတပ်ကြပ် ဝေလင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | တ-၄၅၄၅၆၆ | တပ်သား ချစ်သက်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | တတ-၁၂၃၈၃၉ | တပ်သား မျိုးမောင်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ကြီး | ဝန်ကြီး | ကုန်သွယ်ရေးဝန်ကြီးဌာန |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဝင်း | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၂။ | ဦးကျော်ခိုင် | ဒုတိယဝန်ကြီး | အလုပ်သမားဌာန |
| ၃။ | ဦးဝင်းမြင့် | ဒုတိယဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူးချုပ် ကျော်ဇံမြင့် | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာဝင်းမြင့် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၆။ | ရဲဗိုလ်ချုပ်ကြီး ထွန်းလှအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူးကြီး ရွှေသန်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၈။ | ဦးသိန်းအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူးကြီး သူရဖေအောင် | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူးကြီး စံသိန်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူးကြီး စိုးဝင်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူးကြီး ဇော်ဝင်း | ရဲချုပ် | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒုတိယဗိုလ်မှူးကြီး သိန်းအောင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၄။ | ဦးခင်ထွန်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ | ဦးဝင်းလွင် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၆။ | ဦးတင်ဦး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၇။ | ဦးဇော်မင်း | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၈။ | ဦးဘမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၉။ | ဦးသန်းငွေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူးကြီး ခင်ကျော်ညို | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၁။ | ဦးမြင့်ဆွေ | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂၂။ | ဦးရဲတင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၃။ | ဦးခင်မောင်ငွေး | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ကြည်း၇၂၇၅၄ | ဗိုလ်ကြီး စောရန်နောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၄၂၆၈၄၅ | တပ်ကြပ် ချစ်ကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | တ-၄၂၆၈၄၆ | တပ်ကြပ် ရဲကျော်ငွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | တ-၃၉၄၃၇၆ | ဒုတိယတပ်ကြပ် သုခ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | တ-၃၉၉၇၃၅ | ဒုတိယတပ်ကြပ် ဖြိုးထက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | တ-၄၆၅၅၇၇ | တပ်သား စိုင်းဆိုင်ပန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တ-၅၁၇၈၉၉ | တပ်သား ကျော်ကျော်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | တ-၅၃၃၇၇၇ | တပ်သား ဇော်ဝင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | တ-၅၃၉၁၂၆ | တပ်သား စည်သူလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | တ-၅၅၄၅၃၉ | တပ်သား ဟိန်းမင်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | တတ-၁၂၃၉၇၆ | တပ်သား စိုင်းသန်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ | မောင်ဇာနည်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်ဝင်းသီတာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်တင်ဇာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်စန်းစန်းမော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်နန်းလှမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်မူမူသင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်မော်လီခ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးနိုင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးအဲနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်ဖေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂။ | ဦးအောင်မျိုးမြင့် | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃။ | ဦးဝင်းကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်မေမေနီ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၅။ | ဦးဝထွန်း | ဒုတိယပါမောက္ခချုပ်(စီမံ)(ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးမြင့်ဝေ(သွေးလှူရှင်) | ကချင်ပြည်နယ် |
| ၂။ | ဦးဇော်ဝင်း(သွေးလှူရှင်) | ကချင်ပြည်နယ် |
| ၃။ | ဘန္ဒန္တတိက္ခ(သွေးလှူရှင်) | တနင်္သာရီတိုင်းဒေသကြီး |
| ၄။ | ဦးညွှန့်ရွှေ(သွေးလှူရှင်) | တနင်္သာရီတိုင်းဒေသကြီး |
| ၅။ | ဦးသန်းထွန်း(သွေးလှူရှင်) | ပဲခူးတိုင်းဒေသကြီး |
| ၆။ | ဦးကိုလင်း(သွေးလှူရှင်) | မကွေးတိုင်းဒေသကြီး |
| ၇။ | ဦးမောင်မောင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၈။ | ဦးတင်မျိုးလွင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၉။ | ဦးခင်မောင်ထွန်း(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၁၀။ | ဦးသောင်းတင်(သွေးလှူရှင်) | မန္တလေးတိုင်းဒေသကြီး |
| ၁၁။ | ဦးကျော်ဆန်းအေး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဦးစိုးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဦးတင်စိုးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၄။ | ဦးလှမင်း(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၅။ | ဦးသိန်းထိုက်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၆။ | ဦးငွေးမြင့်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၇။ | ဦးသိန်းလွင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၈။ | ဦးသန်းဇော်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၁၉။ | ဦးအောင်ခင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၀။ | ဦးနေမျိုးအောင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၁။ | ဦးကိုကိုဦး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၂။ | ဦးမြဟန်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၃။ | ဦးတင်မောင်ဦး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၄။ | အရှင်ပဏ္ဍိတ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၅။ | ဦးစန်းငွေ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၆။ | ဦးရန်အောင်(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၇။ | ဦးအေးကို(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၈။ | ဦးစိန်လှ(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၂၉။ | ဦးငြိမ်းထွေး(သွေးလှူရှင်) | ရန်ကုန်တိုင်းဒေသကြီး |
| ၃၀။ | ဦးသန်းဝေ(သွေးလှူရှင်) | ဧရာဝတီတိုင်းဒေသကြီး |

**လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးသိန်းမြင့် | မန်နေဂျင်းဒါရိုက်တာ၊ ငွေရည်ပုလဲကုမ္ပဏီ၊ မန္တလေးမြို့ |

**လူမှုထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ကြည်း၂၂၆၀၁ | ဗိုလ်ချုပ် ဇင်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ၈၈၀၀၂၉ | တပ်ကြပ် ငွေစိုး | ကာကွယ်ရေးဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ပျိုးမြေများ သီးထပ်စွမ်းအားတိုးမြှင့်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်ရေး ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၁



ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို စိုက်ပျိုးမွေးမြူရေးအခြေခံသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသအဖြစ် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ တောင်သူတစ်ဦးချင်း၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားနှင့် တစ်ဧကချင်း၏ သီးထပ်စွမ်းအားမြင့်မားရေးအတွက် မိမိတို့ဝန်ကြီးဌာနက ဘက်စုံကဏ္ဍစုံမှ အားပေးကူညီလျက်ရှိကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ လိုက်နာဆောင်ရွက်ရေး၊ ဆည်ရေသောက်စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စိုက်ခင်းများ၏ ရေလိုအပ်ချက်နှင့် ရေပေးဝေမှု ဟန်ချက်ညီစေရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ တောင်သူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးလာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေ စိမ်းလန်းစိုပြည်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ လူမှုစီးပွားဖွံ့ဖြိုးရေးတို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နေပြည်တော် ရာဇဌာနီလမ်း ဝဲ-ယာ တစ်လျှောက်ရှိ စိုက်ပျိုးမြေများ သီးထပ်စွမ်းအား တိုးမြှင့်ရေး၊ နွေသီးနှံ စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဘဲကုန်းကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်ဖြင့် စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အလားတူ ရေဆင်းဆည်ရေသောက် ဧရိယာအတွင်း နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေးအတွက် ရေသောက်စနစ်၊ ရေပေးမြောင်း၊ ရေသွယ်မြောင်းများ အလိုက် စိုက်ပျိုးရေ ပေးဝေရေးလုပ်ငန်းများကိုလည်းကောင်း၊ ဆင်သေရေလွှဲဆည်၏ စိုက်ပျိုးရေပေးဝေရေး လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား ဆွေးနွေးမှာကြားခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်(မြောက်)ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ စိုက်ပျိုးရေးလုပ်ငန်း ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်း ၆၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်သူ ၂၀ တို့အတွက် ပထမအကြိမ်ချေးငွေထုတ်ချေးပေးရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာသူ ကျေးရွာသားများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခိုင်မာမှုများကို ပြသခြင်းဖြစ်ပြီး ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ဆွတ်ခူးပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အားကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြများကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ရရှိအောင် စွမ်းဆောင်ပေးနိုင်မည့် အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၉၄ ခုနှစ်မှစ၍ တစ်နှစ်တာ အကောင်းဆုံးအားကစားသမားဆုများပေးအပ်ခဲ့သည်ကို တွေ့ရှိရပြီး ၁၉၉၅ ခုနှစ်နောက်ပိုင်းတွင် ရပ်တန့်သွားခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်က ပြန်လည်ပေးအပ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆုများကို မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့အားကစားလောက ပိုမိုအောင်မြင်တိုးတက်စေရေးအတွက် မီဒီယာပိုင်းအနေဖြင့် ဆက်လက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအားကစားသမားဆုများကို ရွေးချယ်ခဲ့မှု၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သူများ၏ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် အောင်မြင်မှုဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ခဲ့မှု ပုံရိပ်မှတ်တမ်း Video Clips များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် ဘိလိယက်နှင့်စနူကာအားကစားနည်းမှ မောင်မောင်(ခေါ်) ဘုန်းမြင့်ကျော်နှင့် ဦးပေါက်စ၊ အားနစ်အားကစားနည်းမှ မအိန္ဒြေဖူး၊ ဗိုဗီနမ်အားကစားနည်းမှ မခိုင်ဝါဖူးနှင့် မမေဟန်နီအောင်လွင်တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ငွေကျပ်သိန်း ၂၀ စီကိုပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် ဆုတံဆိပ်များ ရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သော မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့အတွက် ဆုတံဆိပ်များ ရရှိအောင် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သော အုပ်ချုပ်သူနှင့်နည်းပြများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ဆုရရှိသူများကိုယ်စား မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆုရအားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း



ပုသိမ် ဒီဇင်ဘာ ၂၁

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်ဝါယာရိန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပရာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး)တက်ရောက်၍သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် မကျီးကုန်းကျေးရွာအုပ်စု ထန်းပင်ကွင်းကျေးရွာတွင် အကျယ် ၄ လက်မ၊ အနက်ပေ ၄၀၀ စက်ရေတွင်းအား ပြည်ထောင်စုငွေလုံးငွေရင်း(မူလ) ရန်ပုံငွေကျပ် ၂၃ ဒသမ ၅၆၅၉ သန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး(VDP) စီမံကိန်းဖြင့် မကျီးကုန်းကျေးရွာအုပ်စု မကျီးကုန်းကျေးရွာ၌ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ၁၁ သန်းဖြင့် ဆောင်ရွက်သော အရှည်ပေ ၉၉၀၊ အကျယ်နှစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

၂၂

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသားရွှေဒင်္ဂါးများအား အသစ်သွန်းလောင်းထုတ်ဝေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသားရွှေဒင်္ဂါးများအား အသစ်သွန်းလောင်းထုတ်ဝေမည် ဖြစ်ပါသည်။

အသစ်သွန်းလောင်းသည့် တစ်ကျပ်သားရွှေဒင်္ဂါး၏ အချက်အလက်များမှာ အချင်း ၂၆.၀ မီလီမီတာ၊ အထူမှာ ၂.၀ မီလီမီတာရှိ၍ ဒင်္ဂါး၏ရှေ့မျက်နှာပြင်အလယ်ဗဟိုတွင် ဆင်ဖြူတော်ပုံပါရှိပြီး ပုံ၏ယာဘက်တွင် **“၇၅ နှစ်မြောက်”** ဟု ဖော်ပြပါရှိပါသည်။ ဆင်ဖြူတော်၏အောက်ခြေတွင် **“၁ ကျပ်သား ၂၀၂၃”** ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏ အနားပတ်လည်တွင် **“မြန်မာနိုင်ငံတော်ဗဟိုဘဏ်” “၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့”** ဟု လည်းကောင်း ဖော်ပြထားပါသည်။ ရွှေဒင်္ဂါး၏ ကျောဘက်မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **“ 75th ”**၊ ပုံ၏အောက်ဘက်တွင် **“16.329 gm 2023”** ဟု လည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **“Central Bank of Myanmar” “75th Diamond Jubilee Independence Day”** ဟု လည်းကောင်း ဖော်ပြထားပါသည်။

အသစ်သွန်းလောင်းသည့် ငါးမူးသားရွှေဒင်္ဂါး၏ အချက်အလက်များမှာ အချင်း ၂၂.၀ မီလီမီတာ၊ အထူမှာ ၁.၅ မီလီမီတာရှိ၍ ဒင်္ဂါး၏ ရှေ့မျက်နှာပြင်အလယ်ဗဟိုတွင် ဆင်ဖြူတော်ပုံပါရှိပြီး ပုံ၏ယာဘက်တွင် **“၇၅ နှစ်မြောက်”** ဟု ဖော်ပြပါရှိပါသည်။ ဆင်ဖြူတော်၏ အောက်ခြေတွင် **“၅ မူးသား ၂၀၂၃”** ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏ အနားပတ်လည်တွင် **“မြန်မာနိုင်ငံတော်ဗဟိုဘဏ်” “၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့”** ဟု လည်းကောင်း ဖော်ပြထားပါသည်။ ရွှေဒင်္ဂါး၏ ကျောဘက်မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **“ 75th ”**၊ ပုံ၏အောက်ဘက်တွင် **“8.164 gm 2023”** ဟု လည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **“Central Bank of Myanmar” “75th Diamond Jubilee Independence Day”** ဟု လည်းကောင်း ဖော်ပြထားပါသည်။

တစ်ကျပ်သားနှင့် ငါးမူးသားရွှေဒင်္ဂါးများ ဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် သွန်းလောင်းသည့်ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်း ထောက်ခံချက်များ တစ်ပေါင်းတည်းပါရှိမည် ဖြစ်ပါသည်။

တစ်ကျပ်သားနှင့် ငါးမူးသားရွှေဒင်္ဂါးများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များ(နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တွင် ဇန်နဝါရီ ၅ ရက်မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးပုံစံ**

ရှေ့မျက်နှာ




ကျောဘက်မျက်နှာ




**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ငါးမူးသားရွှေဒင်္ဂါးပုံစံ**

ရှေ့မျက်နှာ




ကျောဘက်မျက်နှာ




# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာန (Commodity Testing and Quality Management – CTQM) သို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန မှူးက လယ်ယာထွက်ကုန်သီးနှံများ စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့် ဓာတ်ခွဲခန်းများ တည်ထောင်ထားရှိမှု၊ ဓာတ်ခွဲခန်းအလိုက်၊ သီးနှံအမျိုးအစားအလိုက် စမ်းသပ်စစ်ဆေးပေးလျက်ရှိသည့် အရည်အသွေးများ၊ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချပေးနိုင်မှု၊ သုတေသနလုပ်ငန်းများဆောင်ရွက်မှု၊ နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းလက်မှတ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ့သဘာဝရော်ဘာအရည်အသွေး စမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း တည်ထောင်ထားရှိမှု၊ အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း၏ အသိအမှတ်ပြုလက်မှတ်ရရှိမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သော ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေး၊ ကျွမ်းကျင်သည့် ဓာတ်ခွဲခန်းဝန်ထမ်းများ ဖြစ်လာစေရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၌ ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို ယနေ့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်း ပို့ချခဲ့ရာ CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure–SOP)၊ လုပ်ငန်းလမ်းညွှန် (Terms of Reference–TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment – CRA)၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် အများပြည်သူတို့၏ပူးပေါင်းပါဝင်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသည့် သင်တန်းသားများကိုလည်း သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်စေရေး တည်ဆောက်ရာတွင် မိမိတို့နှင့်ပတ်သက်သည့် အခန်းကဏ္ဍမှ တက်ကြွစွာတာဝန်ယူဆောင်ရွက်ပေးပါရန် တိုက်တွန်းပြောကြားသည်။



သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တားဆီးကာကွယ်ရေး CPU အဖွဲ့ဝင် ၆၀ သက်ဆိုင်ရာဌာနအသီးသီးမှ အဂတိလိုက်စားမှု တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်မင်းဦး၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

**အစီအစဉ်အတိုင်းဆောင်ရွက်**

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်ကဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဆေးပညာဘွဲ့ ၃၆ ဦး၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ ခုနစ်ဦး စုစုပေါင်း ၄၃ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ယင်းနောက်ပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။




ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၇၁၀၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၆၁ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ ၃၂၀ နှင့် ဆေးပညာဘွဲ့လွန် ဒီပလိုမာဘွဲ့ ၂၆၉ ဦးတို့ကို ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ လက်ရှိ ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်း အမှတ်စဉ်(၂၇)တွင် သင်တန်းသားအရာရှိ ရှစ်ဦး၊ အမှတ်စဉ်(၂၈)တွင် သင်တန်းသားအရာရှိ ၁၉၃ ဦး၊ အမှတ်စဉ်(၂၉)တွင် သင်တန်းသားအရာရှိ ၃၀၄ ဦး၊ အမှတ်စဉ် (၃၀)တွင် သင်တန်းသားအရာရှိ ၁၁၆ ဦး စုစုပေါင်း ဘွဲ့လွန်သင်တန်းသားအရာရှိ ၆၂၁ ဦး သင်တန်းတက်ရောက်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါတပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိခဲ့သည့် ပညာရည်ထူးချွန်ဆုအဆင့်များ၊ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့်တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ပြီး တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိကာ ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၇) ဒုတိယအဆင့် (Level -2)ပြိုင်ပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ် ၁၈ ပွဲဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။




အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့်တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာမှ ပြိုင်ပွဲဝင် ၁၀ ဦးကို ပြိုင်ပွဲ၏ဒုတိယအဆင့် (Level–2) တွင် ယှဉ်ပြိုင်ရန် ဦးစွာရွေးချယ်ခဲ့ပြီး ဆက်လက်ယှဉ်ပြိုင်ရွေးချယ်ခဲ့ရာ ပြိုင်ပွဲဝင်ခြောက်ဦး ပေါ်ထွက်လာပြီဖြစ်၍ ပွဲစဉ်(၁၇)အား ဒီဇင်ဘာ ၂၃ ရက် သောကြာနေ့ညတွင် ပြဋ္ဌာန်းတေးသီချင်းနှင့် စိတ်ကြိုက်တေးသီချင်း သီဆိုမှုဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ Result Show ကိုလည်း တစ်ဆက်တည်း ကျင်းပမည်ဖြစ်ပြီး MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MF03)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MF05)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MF06)၊ ကချင်ပြည်နယ်မှ လလဆွတ် (MF07)၊ နေပြည်တော်မှ ပူတူး (MF09) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့ကို ပြည်တွင်းတယ်လီဖုန်း Operator များမှတစ်ဆင့် Code No 7575 သို့ ပြိုင်ပွဲဝင်၏ MF နံပါတ်ကိုရိုက်နှိပ်၍ ပထမဆုံးပြိုင်ပွဲဝင် စတင်သီဆိုချိန်မှ နောက်ဆုံးပြိုင်ပွဲဝင် သီဆိုပြီးချိန်အထိ SMS အရေအတွက် အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" မှ "ဝေဿန္တရာ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်မှ "ဝေဿန္တရာ" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏တီးခတ်မှု၊ ဖုံဟိန်း၊ ဘဲဥမ၊ ဦးစံငွေ၊ ဦးဝါဝင်း၊ အေးချမ်းမောင်၊ သဒ္ဒါသိမ့်၊ စိမ်းမြတ်သူ၊ အေးချမ်းမိုးတို့နှင့်အတူ သဘင်ပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၉၇)ကို ဒီဇင်ဘာ ၂၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေဒွေးနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၁

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ (၁၇) ဦး မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ မောင်းနှင်လာသော ချယ်ရီ(၂)ရေယာဉ်ကို အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်းနှင့် အပြစ်မဲ့ ခရီးသွားပြည်သူ စုစုပေါင်း (၁၇) ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ပါကြောင်း ကြားသိရပါသည်။

၂။ ဤသို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်အား တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

### ကန့်ကွက်ပြစ်တင်ရှုတ်ချခြင်း

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့က ရန်ကုန်ဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ (၁၇)ဦး မိုင်းစထိမှန်ပြီး ဒဏ်ရာများရရှိခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အပြစ်မဲ့မိဘပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော အကြမ်းဖက်အဖွဲ့အစည်းအား မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ကန့်ကွက်ပြစ်တင်ရှုတ်ချကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး**

## ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ မန္တလေးမြို့၌ ပြင်းထန်စွာရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

နေပြည်တော် ဒီဇင်ဘာ ၂၁

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်းထန်စွာရှုတ်ချကြောင်းကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အထက်မြန်မာပြည် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(မန္တလေး)မှ သံဃာတော်များနှင့် အကြမ်းဖက်မှုများကို မလိုလားသော ဒေသခံပြည်သူများစုပေါင်း၍ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမြတ်မုနိဘုရားကြီး အနီးတစ်ဝိုက်တို့တွင် "ဗုဒ္ဓဘာသာကို အကြမ်းဖက်သော အစွန်းရောက်လူသတ်ကောင်များအလိုမရှိ၊ NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအလိုမရှိ၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအလိုမရှိ၊ ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လူမဆန်စွာ အကြမ်းဖက်သတ်ဖြတ်နေသည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ" စသည့် ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်နေ နေလင်းဗိုလ်သည် ၎င်းအသုံးပြုသည့် "Nay Lin Bo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်နေ ဟိန်းမင်းထွန်း(ခ)ဂျက်ဂျက်သည် ၎င်းအသုံးပြုသည့် "Hein Min Htun" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

○ လက်စတာစီးတီးမှ

သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းဟာ ၁၆ သင်းအဆင့်မှာ လင်ကွန်းစီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆောက်သမ်တန်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကတော့ ဘုန်းမောက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး ကာရာဘောင်ဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်ခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ၁၆ သင်းအဆင့်မှာ ဘုန်းမောက်အသင်းကို ဘုန်းမောက်အသင်းကစားသမား အဒမ်စမစ်ရဲ့ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သလိုဖြစ်ခဲ့တဲ့အမှားကြောင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ဂီလ်လင်ဂမ်အသင်းတို့ပွဲစဉ်မှာ ဝုလ်ဗာဟမ်တန်အသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကာရာဘောင်ဖလားကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## AFF Cup ပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်း အရေးနိမ့်

ရန်ကုန် ဒီဇင်ဘာ ၂၁

2022 AFF Cup ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဒီဇင်ဘာ ၂၁ ရက်က ကျင်းပရာ မြန်မာအသင်းသည် မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ပွဲအစ မိနစ် ၂၀ အတွင်း မြန်မာအသင်း ဂိုးရနိုင်သည့်အခွင့်အရေး နှစ်ကြိမ်ရခဲ့ပြီး ၁၇ မိနစ်တွင် အောင်ကောင်းမာန်နှင့် မိနစ် ၂၀ တွင် ဟိန်းထက်အောင်တို့ အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၅၁ မိနစ်တွင် မိုဟာမက်ဖိုင်ဇယ်က မလေးရှားအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် မလေးရှားနောက်ခံလူ ပယ်နယ်တီဧရိယာအတွင်း လက်ထိခဲ့သဖြင့် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်း ကန်သွင်းရာ မလေးရှားဂိုးသမား ကာကွယ်နိုင်ခဲ့သဖြင့် ချေပဂိုးနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည့် အုပ်စု (က) ပထမနေ့တွင် ကမ္ဘောဒီးယားအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ လက်ရှိချန်ပီယံ ထိုင်းအသင်းက ဘရူနိုင်းအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

**ကိုညီလေး**

# အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝဏ္ဏကျော်ထင်ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာအောင်ပွဲရ အားကစားသမားများနှင့် နည်းပြများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှထွက်ခွာလာရာ မန္တလေးမြို့အဝင် တံခွန်တိုင်အဝိုင်းသို့ရောက်ရှိပြီး ထိုမှ မော်တော်ယာဉ်များဖြင့် လှည့်လည်ထွက်ခွာလာရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဌာနအသီးသီးမှဝန်ထမ်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု ၆၅၀၀ ခန့်က ဂုဏ်ပြုပန်းကုံးများ၊ ပန်းစည်းများချီးမြှင့်၍ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့ရောက်ရှိချိန်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဝန်ကြီးများက အားကစားသမားတစ်ဦးချင်းစီကို ဂုဏ်ပြုပန်းကုံးများ ချီးမြှင့်၍ ကြိုဆိုကြသည်။ အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားသည်။

ငင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ ဘောလုံးဆပ်ကော်မတီ၊ မန္တလေးတိုင်းဘောလုံးအဖွဲ့ချုပ်၊ ဝူရှူးအဖွဲ့ချုပ်၊ 



အမျိုးသမီးအားကစားဆပ်ကော်မတီ၊ အသင်းအဖွဲ့များနှင့် စေတနာရှင်များမှ လှူဒါန်းငွေများကို လက်ခံခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက အားကစားသမားများနှင့်နည်းပြများကို ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းများ Cross-check ပြုလုပ်ထားရှိမှုကို ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရှမ်းပြည်နယ်အတွင်း ဥပဒေနှင့်အညီ နေထိုင်သူများအနက် မှတ်ပုံတင်ပြည့်စုံသူများ (Cross–check )ပြုလုပ်ခြင်းမှ ရရှိသည့် မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထပ်နေသူ၊ အကြိမ်ထပ်နေသူများအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။





ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးသန်းက Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးရာဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်မှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဖြည့်စွက်တင်ပြရှင်းလင်းကာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လမ်းညွှန်မှာကြားမှုတွင် ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ ထက်ဝက်ကျယ်ပြန့်သောကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိပါကြောင်း၊ တိုင်းရင်းသား များပြားပြီး မြန်မာစကားများ တတ်ကျွမ်းစွာ မပြောတတ်သောကြောင့် ခက်ခဲမှုကြုံတွေ့ရပါကြောင်း၊ နိုင်ငံတော်က တာဝန်ပေးသည့်အတွက် မိမိတို့မှာ Down Ship ခရီးစဉ်ဖြင့် မိုင်ထောင်ချီ သွားရောက်ကာ သက်ဆိုင်ရာ လူမျိုးစုအလိုက် စာပေယဉ်ကျေးမှုအဖွဲ့အလိုက် တွေ့ဆုံပြီး လုပ်ငန်းစဉ်များ ချမှတ်ကာ ဆောင်ရွက်ရကြောင်း၊ တိုင်းရင်းသားများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရမည်ကိုမသိရှိပါကြောင်း၊ ရှမ်းပြည်နယ်တွင် ရွှေ့ပြောင်းအလုပ်သမားများ ရှိသောကြောင့် အိမ်ထောင်စုဇယားများ ဖောင်းပွမှုရှိနေသည်ကို တွေ့ရကြောင်း၊ ယခုသင်တန်းများ ဖွင့်လှစ်ပေးပြီး သင်တန်းတက်ရောက်မည့် တာဝန်ရှိသူ များကို ထိထိရောက်ရောက် အကျိုးဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံတော်၏ လမ်းညွှန်မှာကြားချက်များဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူဦးရေစာရင်းနှင့် သေဆုံးသူစာရင်းများ တိတိကျကျပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**ပေါက်ခေါင်း ဒီဇင်ဘာ ၂၁**

(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ယနေ့နံနက် ၉ နာရီခွဲမှစ၍ ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံကြီးသံဃာဆောင်၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်မျိုးမြတ် ဦးဆောင်သောကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို သွေးချိုစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် နှလုံးခုန်နှုန်းစစ်ဆေးပေးခြင်းနှင့် ရောဂါရှာဖွေခြင်းအထွေထွေရောဂါများစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ရောဂါတွေ့ရှိမှုအပေါ် ဆေးဝါးများကို တစ်လစာအခမဲ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို လစဉ် ၂၁ ရက်နေ့တိုင်း ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပေါက်ခေါင်းမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၄၆၀ ရှိကြောင်း သိရသည်။ **သန်းထွန်းအောင်(ပြန်/ဆက်)**



# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၁**

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ငင်းနောက် မောင်မယ်သစ်လွင်များအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ခေတ္တဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ စီမံခန့်ခွဲရေးဌာနများမှ တာဝန်ရှိသူများ၊ ပထမနှစ်ဘာသာရပ်သင် ဆရာ ဆရာမများနှင့် တစ်ဦးချင်း မိတ်ဆက်ခဲ့ကြပြီး တက္ကသိုလ်ဝင်ခွင့်ရ ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ သုံးဦးနှင့် ပထမနှစ် ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ သုံးဦးတို့အား ဒုတိယပါမောက္ခချုပ်(စီမံ)ကလည်းကောင်း၊ ဒုတိယနှစ်(အထူးပြုဘာသာရပ်အလိုက်) ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ငါးဦးအား ဒုတိယပါမောက္ခချုပ်(သင်ကြား)ကလည်းကောင်း၊ တတိယနှစ်(အထူးပြုဘာသာရပ်အလိုက်) ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ငါးဦးအား သင်တန်းရေးရာ



ဌာန ဌာနမှူးကလည်းကောင်း၊ (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကျောင်းသားသုံးဦးအား သမဝါယမပညာဌာန ပါမောက္ခ ဌာနမှူးကလည်းကောင်း၊ ပညာရည်ချွန်ဆုတံဆိပ်၊ ဂုဏ်ပြုကတ်ပြားနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မောင်သစ်လွင် Fresher King ၊ မယ်သစ်လွင် Fresher Queen နှင့် People Choice Boy and Girl များ ရွေးချယ်ခဲ့ရာ မယ်သစ်လွင် Fresher Queen ရရှိသူ မခင်မြင့်မြတ်အား ဒုတိယပါမောက္ခချုပ်(စီမံ)က စလွယ်၊ စတားနှင့် အမှတ်တရလက်ဆောင်အားလည်းကောင်း၊ မောင်သစ်လွင် Fresher King ရရှိသူ မောင်ဖွဲ့သီဟနိုင်အား မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားဦးစီးကော်မတီဥက္ကဋ္ဌက စလွယ်အားလည်းကောင်း၊ People Choice Girl ရရှိသူ မရှင်းလင်းသန့်အား ဖျော်ဖြေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စလွယ်နှင့် အမှတ်တရလက်ဆောင်အားလည်းကောင်း၊ People Choice Boy ရရှိသူ မောင်ခန့်စည်သူအား မောင်မယ်သစ်လွင်ရွေးချယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက စလွယ်နှင့် အမှတ်တရလက်ဆောင်အားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ငင်းနောက် ယခင် ပညာသင်နှစ်မှ Fresher Queen ရရှိခဲ့သူ မသဉ္ဇာမြင့်က ယခုပညာသင်နှစ် Fresher Queen ရရှိသူ မခင်မြင့်မြတ်အား သရဖူလွှဲပြောင်းပေးခဲ့ပြီး ယခင်ပညာသင်နှစ်မှ Fresher King ရရှိခဲ့သူ မောင်ဝေယံပိုင်ဖြိုးက ယခုပညာသင်နှစ် Fresher King ရရှိသူ မောင်ဖွဲ့သီဟနိုင်အား အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့သည်။ ယင်းနောက် ဖျော်ဖြေရေးအဖွဲ့များမှ အဆို၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။ အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခ၊ ခေတ္တဌာနမှူးများ၊ ဘာသာရပ်တာဝန်ခံများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၆၈၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၆၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၇၅,၂၁၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၈၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူတစ်ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၃၂,၅၂၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၅,၂၇၀) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု
### (၂၀-၁၂-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၃၂,၅၂၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၅,၂၇၀ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့်(၃၆)ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါ ပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၅ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၀ | ၂၇၆၀ |
| 95 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၅ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၂၉၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၆၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၁၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၆၉၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၄၂၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၆၉၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၈ | ၁၈၉၈ |
| 95 Ron | ၁၈၉၅ | ၁၉၆၆ |
| HSD (500 ppm) | ၂၂၀၅ | ၂၂၇၉ |
| HSD (50 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (10 ppm) | ၂၂၇၉ | ၂၃၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဝတ္ထုတို

# ဆောင်းနဲ့အတူ အားသစ်ရှင်လန်း

ဇော်မင်း(ပညာရေး)

"မိုးမသောက်ခင်က ခလောက်ကယ်ဂျောင်ဂျင် လုပ်ငန်းငယ် ပြင်သည်"

ဆိုသလိုပါပဲ မနက်စောစော မိုးမလင်းတလင်းမှာပဲ လယ်ကွင်းထဲကို ဆင်းခဲ့ပါတော့တယ်။

ကောက်ရိတ်မယ့်သူတွေကို ရိတ်ရမယ့်လယ်ကန့်တွေ လိုက်ပြပေးရတာလည်း အလုပ်တစ်ခုပါပဲ။

ကောက်ရိတ်တယ်ဆိုတာ စပါးရိတ်တာကိုဆိုလိုတာ။ စပါးပင်ရဲ့ စပါးတွေသီးနေတဲ့စပါးနှံကို ကောက်နှံလို့လည်းခေါ်ဆိုပါသေးတယ်။ ဒါကြောင့် စပါးနှံရိတ်တာကို ကောက်ရိတ်တာလို့ ခေါ်ဆိုတာပါ။ ဒေသအခေါ်အဝေါ်တစ်ခုဆိုပါတော့။

တချို့ကောက်ရိတ်သူတွေက လင်းရောင်သမ်းတာနဲ့လယ်ထဲရောက်ကြသလို တချို့ကြတော့ နေအတော်မြင့်မှရောက်တာလည်း ရှိပါတယ်။ လုပ်ချိန်လုပ်အားပေါ်မူတည်ပြီး လုပ်အားခငွေရရှိမှု ကွာခြားသွားကြတာပေါ့။

ဒီနေရာမှာ လုပ်ချိန်လုပ်အားပေါ်မူတည်တယ်ဆိုတာက တချို့က လယ်တစ်ကွက်လုံးရိတ်ခ ဘယ်ရွေ့ဘယ်မျှနှင့် ရိတ်ကြသလို တချို့က နေ့စားရိတ်ကြတာလည်းရှိပါတယ်။ နေ့စားဆိုတာကတော့ တစ်နေ့စပါးရိတ်တဲ့အတွက် ဘယ်ရွေ့ဘယ်မျှသတ်မှတ်ပြီး လုပ်အားခ ရှင်းပေးတာမျိုးပါ။

"ချောင်းရေယဉ်သွင်သွင်စီးပါလို့ ကောက်ကြီးစပါးနှံက သန်လှတယ်လေး" လို့ စာဆိုဦးဆောင်း ရေးဖွဲ့သလိုပါပဲ။

ကောက်ကြီးစပါးမျိုးဖြစ်တဲ့ ရောဝတီပေါ်ဆန်းတွေက ဒီနှစ် အတော်လေးကောင်းလှပါတယ်။ စပါးပင်ကိုကောက်ပင်လို့လည်း ခေါ်ဆိုပါသေးတယ်။

စပါးအပင်ရဲ့သက်တမ်းက ရက်ရှည်ရှည်ရှင်သန်ကြီးထွားရတာဖြစ်လို့ အပင်သက်တမ်းကြီး၊ အသက်ကြီးတဲ့စပါးမျိုးလို့ဆိုပြီး ကောက်ကြီးစပါးလို့ခေါ်တာပါ။ မိုးစပါးစိုက်ချိန်မှာအစောဆုံးစိုက်ရပေမယ့် ရိတ်သိမ်းချိန်မှာတော့နောက်ဆုံးမှရိတ်ရပါတယ်။

အပင်သက်တမ်းငယ်တဲ့ပေါ်ဆန်းရှိသလို သက်တန်းကြီးတဲ့ အခြားပေါ်ဆန်းမျိုးတွေလည်းရှိပါတယ်။ ဘယ်ပေါ်ဆန်းပဲဖြစ်ဖြစ် စပါးအချောဖြစ်တာမို့ ဆန်ချောအုပ်စုတွေထဲမှာပါဝင်ပါတယ်။

ရွှေဘိုပေါ်ဆန်းဆန်ဆိုရင် ဒီနှစ်လိုကုန်စျေးနှုန်းတွေမြင့်မား



ချိန်မှာ ဆန်တစ်အိတ်ကို တစ်သိန်းနီးပါးအထိ စျေးကောင်းရနေပါတယ်။ ရောဝတီပေါ်ဆန်းကတော့ သူ့လောက် စျေးမမြင့်ပေမယ့် သူလည်းသိပ်တော့မခေလှပါဘူး။ ရွှေဘိုဆန်တစ်သိန်းဖြစ်ချိန်မှာ ရောဝတီက ခုနစ်သောင်းခွဲလောက်စျေးပေါက်ပါတယ်။ အခုကို ရောဝတီပေါ်ဆန်းစပါးစျေးက တင်း ၁၀၀ ကို ၁၅ သိန်းနဲ့ ၁၆ သိန်းကြား ပေါက်စျေးရှိနေပါတယ်။

"သြော် ကောက်ကြီးစပါးနှံအကြောင်းတွေးရင်း ဆန်စျေးစပါးစျေး တွေဆီ ရောက်ကုန်ပြန်ပါပြီ"

ပျံ့လွင့်နေတဲ့အတွေးတို့ကို စုစည်းလိုက်ရင်း မျက်လုံးကို ခဏမှိတ်ထားလိုက်ရတယ်။

အိန္ဒိယသမ္မတ အဗ္ဗဒူကလမ်က အိန္ဒိယနိုင်ငံရဲ့ နို့ထွက်လုပ်ငန်း ရှေ့ဆောင်လုပ်ငန်းရှင်ကြီး ဒေါက်တာဝါဂီခူရိန်ကို မေးပါသတဲ့။

"တိုင်းပြည်ကို အတက်လမ်းပေါ်ရောက်အောင် ဘယ်လိုတွန်းပို့ရမယ်ထင်ပါသလဲ"

အဲဒီအခါမှာ "လူငယ်ပညာတတ်များနဲ့ လယ်သမား ထုအပေါ် အခြေခံတည်ဆောက်မှဖြစ်ပါမယ်။ သူတို့မပါဘဲနဲ့ မအောင်မြင်နိုင်ပါ။ သူတို့ပါလျှင် မအောင်မြင်စရာအကြောင်းမရှိပါ" လို့ ဒေါက်တာဝါဂီခူရိန်က ပြန်ဖြေပါသတဲ့။

လယ်သမားအများစုနေထိုင်ကြတဲ့ ကျေးလက်တောရွာတွေက တိုင်းပြည်အတွက် အမှန်တကယ်အခြေခံကျလှပါတယ်။ လယ်ထဲယာထဲ ခါးဆွဲလို့ တံစဉ်ကိုင်ပြီး နေဝင်မိုးချုပ်အလုပ်နဲ့ လက်မလည်သူတွေပါ။

ဟောကြည့်လေ အခုပဲ မိုးမလင်းတလင်း လယ်ထဲဆင်းခဲ့ရတာပဲလေ။

"ဒီမနက်တော့ ရာသီဥတုက တကယ့်ဆောင်းရာသီပါပဲ"

လယ်ကွင်းထဲသွားရင်း တီးတိုးရေရွတ်လိုက်မိပါတော့တယ်။ နှင်းမှုန်ကြားမှာ လျှောက်လို့လည်ပါတယ်ပေါ့။

အေးစိမ့်စိမ့်မို့ နေမင်းခမျာ ချမ်းနေရှာသလား ထင်မိပါတယ်။ လေညင်းကလည်း ကလူ၏သို့မြူ၏သို့နှယ်။ မငေ့တစ်ချက် ဝေ့တစ်ချက်နဲ့ အလွမ်းဝေဒနာသင့်နေသည့်အလား။ နှင်းဖြူဖွေးဖွေးတို့ကလည်း လှသွေးလေးတွေ ကြွယ်နေလိုက်ကြတာ ဇာပဝါခပ်ပါးပါးလေးလွှမ်းခြုံထားသလိုလို အမူပိုပိုမျက်နှာပေးလေးတွေနဲ့။

"ဘာပဲဖြစ်ဖြစ် ဆောင်းဟာဆောင်းနဲ့တူလာလို့ ကျေနပ်သဘောကျမိပါတယ်"

တစ်ကိုယ်တည်း ကျေနပ်နေမိကြောင်း အသံထွက်ပြောနေမိပြန်ပါလေရဲ့။ ရိတ်ဖို့ကျန်နေသေးတဲ့ ရောဝတီပေါ်ဆန်းစပါးခင်းတွေကိုကြည့်ရင်း၊ ကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း၊ လယ်ကွင်းကိုဖြတ် ရိုးပြတ်တွေကိုကျော်ရင်း ဆောင်းနှင်းတွေကြားမှာ ကဗျာလိုလို စာလိုလိုလည်း စပ်ဆိုမိပြန်ပါသေးရဲ့ …

**ကြည့်စမ်းပေ့ါ ဟိုအရှေ့မှာ**
**နေမင်းခမျာ ချမ်းနေရှာထင့်**
**လေညင်းကညာ အလွမ်းဝေဒနာသင့်**
**ဆောင်းနှင်းဇာပွင့် ခြုံချိန်တွင်။**
**ကောင်းကင်က ကြည်လင်**
**လယ်ကွင်းပြင် ရွှေအဆင်လွှမ်း။**
**ရောဝတီ ပေါ်ဆန်းရယ်နဲ့**
**မျှော်မှန်းကာ အိပ်မက်ဖြစ်တယ်**
**(ကွယ်) အားသစ်ရှင်လန်း။** ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**ကချင်တိုင်းရင်းသားစကားထာ**

ရှေးရှေးတုန်းက မွန်တို့ဌာနေ ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ်အမည်ရှိ သူငယ်ချင်းနှစ်ယောက်ရှိသည်။

ဆယ်ကျော်သက်ရွယ်လူငယ်များဖြစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစား အဖြစ် ပညာသင်ယူလျက်ရှိသည်။ ဗညားနှင့် လဂွန်းအိမ်တို့သည် စည်းကမ်းသေဝပ်ပြီး စာကြိုးစားကြသူများဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

"လဂွန်းအိမ်ရေ ပဟေဠိအဖြေညှိဖို့ အချိန်ကျပြီနော်သူငယ်ချင်း"

"အချိန်ကျရင်လည်း ဉာဏ်စမ်းလိုက်ကြရတာပေ့ါ" ဗညား၏စကားကို လဂွန်းအိမ်က ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"ကဲ- စပြီဆိုရင်တော့ စပြီဟေ့။ 'မထိုင်ရတဲ့ ခုံ' ဆိုတာဘာလဲ၊ ဖြေပေတော့ကွာ"

"မင်းမေးတဲ့ ဉာဏ်စမ်းပဟေဠိကလည်း တစ်မျိုးပါလား။ မြန်မာစကားထာဉာဏ်စမ်းတော့ မဟုတ်လောက်ဘူးထင်တယ်။ တိုင်းရင်းသားစကားထာထဲက ဖြစ်မှာတော့သေချာတယ်။ ခဏလေးပါ စဉ်းစားနေလို့" ဗညားက လဂွန်းအိမ်ကို ပြန်ပြောလိုက်ပြီး မေးထားသည့်ဉာဏ်စမ်းမေးခွန်းကို တီးတိုးရွတ်နေလိုက်သည်။

"အဖြေက သိပ်မခက်ပါဘူးကွာ။ မင်းပြောသလိုပါပဲ ပဟေဠိစကားထာက တိုင်းရင်းသားရိုးရာစကားထာတစ်ခုပဲ သူငယ်ချင်းရေ။ မင်းကို အောက်လိုင်းပေးလိုက်တာနော"

ဗညားက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဖြေကို စဉ်းစားလို့ရသွားသည့်ဟန်ဖြင့် ရွှင်မြူးစွာဖြင့် ပြန်ပြောလိုက်တော့သည်။

"အဖြေက ရပါပြီ။ ဘာတဲ့သူငယ်ချင်းရဲ့ မေးခွန်းက 'မထိုင်ရတဲ့ ခုံ' ဆိုတော့ကာ အဖြေက 'ကျွဲချေးပုံ' ဆိုရင်မှန်ရောမဟုတ်လား။ ကချင်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပေ့ါကွာ"

"မှန်ပ့ါဗျာ မှန်ပ့ါ"

လဂွန်းအိမ်က ပါးစပ်ကလည်း ပြောရင်း လက်မကလေးကိုလည်း ထောင်ပြလိုက်သည်။

"ဒါဆိုရင် ငါမေးရမယ်ပေ့ါ။ ငါ့အလှည့်ရောက်ပြီပေ့ါနော်"

"မေးပါကွာ မေးပါ၊ ဖြေဖို့ အသင့်ပါပဲ"

"မေးပြီနော် လဂွန်းအိမ်ရေ။ 'အိမ်ပါ တ မမ လမ်းလျှောက်ရ' ဆိုတာ ဘာကိုဆိုလိုတာလဲ။ ဖြေလို့ရပါပြီနော် သူငယ်ချင်း"

ဗညားမေးလိုက်သည့် ဉာဏ်စမ်းပဟေဠိ မေးခွန်းကြောင့် လဂွန်းအိမ်တစ်ယောက် ခေါင်းကုတ်လိုက်ရင်း မျက်မှောင်ကြုတ်သွားရသည်။ မန်ကျည်းပင်အောက်တွင် လဲလျောင်းနေရာမှ ထပြီး လမ်းလျှောက်လိုက်၊ ကောင်းကင်ကို မော့ကြည့်လိုက်ဖြင့် အကြံအိုက်နေပုံရသည်။

"လဂွန်းအိမ်ရယ် ဒီလောက်လည်း မခဲယဉ်းပါဘူးကွာ။ မင်းကြည့်ရတာ ပင်ပန်းလိုက်တာ။ အပင်ပန်းမခံချင်ရင် ပန်းပေးလိုက်လေ။ အဖြေကတော့ ရှိပြီးသားပါ"

"မပင်ပန်းပါဘူး ဗညားရာ၊ ရပါတယ်။ အဖြေရဲ့ ခြေရာကို ကောက်မိနေပါပြီ၊ ဖြေလိုက်တော့မယ် သူငယ်ချင်းရေ၊ ဘာတဲ့ သူငယ်ချင်းမေးထားတဲ့မေးခွန်းက 'အိမ်ပါ တ မမ လမ်းလျှောက်ရ'ရဲ့ အဖြေကား 'လိပ်' ဆိုရင်တော့ အဖြေက မှန်ရော မဟုတ်လား"

"မှန်လိုက်တာ လဂွန်းအိမ်ရာ တော်ပါပေတယ်ကွာ။ မင်းက ဆရာကြီးပဲ၊ ဒီလောက်မြန်မြန်နဲ့ကို ဖြေနိုင်မယ်လို့ကို ထင်မထားတာ"

ဗညား၏စကားကြောင့် လဂွန်းအိမ်က သဘောတကျရယ်မောလိုက်ပြီး

"အဲဒါ ကချင်တိုင်းရင်းသားစကားထာဉာဏ်စမ်းတွေထဲကပေ့ါ"လို့ ထပ်ပြောလိုက်ရာ ဗညားမှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"ငါထပ်မေးရမယ့် အလှည့်ပေ့ါ လဂွန်းအိမ်ရာ"

"အေးပါ၊ မေးမှာသာ မေးစမ်းပါကွာ။ ဖြေချင်လှပြီသူငယ်ချင်းရေ"

"ကောင်းပါပြီတဲ့ဗျာ မေးပြီနော်။ 'မတီးကောင်းသော မောင်း' ဆိုတာဘာလဲ"

ဗညား၏မေးခွန်းကို လဂွန်းအိမ်တစ်ယောက် မနည်းစဉ်းစားနေရသည်။ ထလိုက်ထိုင်လိုက်ဖြင့် ဂဏာမငြိမ် ဖြစ်နေရသည်ကို လဂွန်းအိမ်က သတိထားမိသဖြင့် ဖြည်းဖြည်းချင်းပြောလိုက်တော့သည်။

"ကဲပါကွာ၊ မဖြေနိုင်ရင်လည်း ပန်းသာပေးလိုက်။ အဖြေကတော့ ရှိပြီးသားနော် သူငယ်ချင်း"

"စဉ်းစားလိုက်ရင် အဖြေဆိုတာ ရလာနိုင်တာပါပဲ။ ခွဲကတော့ မလျှော့ဘူးသူငယ်ချင်းရေ၊ ခဏပဲစောင့်၊ အခုတောင် အဖြေက စဉ်းစားလို့ရနေပါပြီ။ ဘာတဲ့ မေးထားတဲ့မေးခွန်းက 'မတီးကောင်းသောမောင်း' ဆိုတော့ကာ အဖြေက 'ပျားအုံ'ပါတဲ့ဗျား။ ကချင်တိုင်းရင်းသားစကားထာပါပဲ"

လဂွန်းအိမ်ရဲ့အဖြေစကားက ကွက်တိမှန်နေသောကြောင့် ဗညားတစ်ယောက် ပြန်ပြောစရာစကား မနည်းရှာနေရသဖြင့် ခဏတော့အသံတိတ်သွားသည်။ ပြီးမှဗလုံးဗထွေးဖြင့် ဗညားပြန်ပြောလိုက်သည်။

"မှန်ပါတယ် သူငယ်ချင်း။ မင်းအဖြေက ကွက်တိပါပဲကွာ"

ဗညား၏ အမောတကောပြောလိုက်သည့် စကားသံကြောင့် လဂွန်းအိမ်ပင် ငေါင်တောင်တောင်ဖြစ်သွားရပြီး ထိုအဖြစ်အပျက်ကြောင့် နှစ်ဦးသား ပြိုင်တူရယ်မောလိုက်ကြတော့သည်။ ထိုစဉ် ဘုန်းကြီးကျောင်းမှ နာရီမောင်းသံ နှစ်ချက်ထွက်ပေါ်လာရာ စာအံရန်အချက်ပေး နာရီမောင်းဖြစ်နေ၍ ဗညားနှင့် လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

### နတ်သမီးနှင့်မုဆိုး

တစ်ခါသော် တိုင်းပြည်တစ်ပြည်မှ အကြီးအကဲတစ်ဦးသည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်များကို ပူဇော်ပသရန်မေ့လျော့နေလေသည်။ ထိုအခါ အစောင့်အရှောက်များက အလွန်ဒေါသထွက် စိတ်ဆိုးနေကြတော့သည်။

"ပူဇော်ပသရန်မေ့လျော့နေသူတွေကို ဒဏ်ခတ်ပေးရမှာပေါ့"

ရေနှင့်ကောင်းကင်ကို အုပ်စိုးသူမိကျောင်းကြီးက ကတိပေးလိုက်ခြင်းဖြစ်သည်။ ထိုစဉ်က မိကျောင်းကြီးသည် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာစောင့်နတ်များ စသည့်အစောင့်အရှောက်များ၏ အကြီးအကဲဖြစ်သည်။ မိကျောင်းကြီးထံသို့ အစောင့်အရှောက်များက စုဝေးရောက်ရှိသွားကြပြီး ဖြစ်စဉ်ကိုပြောပြကြလေရာ မိကျောင်းကြီးကလည်း အလွန်စိတ်ဆိုးကာ ဒဏ်ခတ်ရန်ကတိပေးလိုက်ခြင်းဖြစ်သည်။

မိကျောင်းကြီးသည် သူ၏တန်ခိုးဖြင့် ပထမနှစ်တွင် ထိုဒေသ၌ မိုးမရွာအောင်ပြုလုပ်လေသည်။ ဒုတိယနှစ်တွင် မိုးခေါင်ရုံသာမက ရေကန်များ၊ ချောင်းများ၊ မြစ်များကိုပါ ခန်းခြောက်သွားစေသည်။ တတိယမြောက်နှစ်တွင် မိုးခေါင်ရုံသာမက ရေများခန်းခြောက်ကာ ကျွဲ၊ နွား တိရစ္ဆာန်များပါ သေကျေပျက်စီးကုန်ကြလေသည်။ ဤတွင် ထိုဒေသအကြီးအကဲသည် ကြောက်လန့်လာကာ သူ၏လက်စွဲဖြစ်သောပုဏ္ဏားတော်ကြီးအားခေါ်၍ မိုးခေါင်ရခြင်းအကြောင်းရင်းကို မေးမြန်းတော့သည်။ ပညာရှိပုဏ္ဏားကြီးသည် ကောင်းကင်သို့မော်ကာ အတန်ကြာအောင်ကြည့်ရှုနေသည်။ ထို့နောက်ပြန်လာကာ အကျိုးအကြောင်းပြောပြလိုက်သည်။ ထိုဒေသအကြီးအကဲသည် စိတ်ဆိုးလှသဖြင့် မိကျောင်းကြီးအားသတ်ရန် ပုဏ္ဏားကြီးအားအမိန့်ပေးစေခိုင်းလေတော့သည်။

ပုဏ္ဏားကြီးသည် သနားကြင်နာတတ်သူဖြစ်၍ မိကျောင်းကြီးအား မသတ်လိုပေ။ သို့သော် ထိုသို့မသတ်ပါက အကြီးအကဲဖြစ်သူက မိမိအားသတ်မည်ဖြစ်သည်။ ထို့ကြောင့် ပုဏ္ဏားကြီးသည် လေးနှင့်မြား ကိုယူကာ မိကျောင်းကြီးရှိရာ ရေကန်သို့ ထွက်လာလေသည်။

မိကျောင်းကြီး၏မျက်လုံးတစ်ဖက်ကို ပုဏ္ဏားကြီးက မြားနှင့် ပစ်ကာပြန်လာခဲ့သည်။

ယင်းအခြေအနေအား အကြီးအကဲဖြစ်သူက မကျေနပ်နိုင်သဖြင့် မိကျောင်းကြီးအားသတ်ရန် ပုဏ္ဏားကြီးကို ထပ်မံစေလွှတ်လိုက်ပြန်သည်။

မိကျောင်းကြီးသည် မျက်လုံးတစ်ဖက် ပျက်စီးသွားသဖြင့် အလွန်စိတ်ထိခိုက်နေရှာသည်။ သူ့ထံသို့ ပုရောဟိတ်ပုဏ္ဏားကြီး



နောက်တစ်ခေါက်ပြန်လာမည်ကို အလွန်ကြောက်ရွံ့နေသည်။ ထိုသို့ ကြံရာမရဖြစ်နေစဉ် မုဆိုးတစ်ဦးသည် ရေကန်အနီးသို့ရောက်လာသည်။

"ကျုပ်အသက်ကိုကယ်ဆယ်ပေးပါက သင်အလိုရှိရာ ပေးနိုင်ပါတယ် မုဆိုးကြီး"

မိကျောင်းကြီးသည် မုဆိုးအား အကျိုးအကြောင်းပြောပြပြီး သူ့အသက်ကို ကယ်ဆယ်ပေးနိုင်ရန် ပြောလိုက်ခြင်းဖြစ်သည်။ မုဆိုးကလည်း သဘောတူလိုက်သည်။ ထို့ကြောင့် မုဆိုးသည် ပုဏ္ဏားကြီးအား လေးဖြင့်ပစ်ကာ ရေကန်အတွင်းသို့ ပစ်ချလိုက်လေတော့သည်။

သို့မှသာ မိကျောင်းကြီးလည်း အသက်ချမ်းသာရာရသွားလေသည်။ ကောင်းကင်ပေါ်ရှိ ငွေရောင်တောင်ကြီးပေါ်တွင် နတ်သမီးခုနစ်ဖော် နေထိုင်ကြသည်။ သူတို့သည် ထိုရေကန်ကြီးအတွင်းသို့ တစ်ခါတစ်ရံ ရေလာချိုးလေ့ရှိသည်။ ယင်းတို့အနက် အငယ်ဆုံးညီမသည် အလွန်ချောမောလှပသည်။ မုဆိုးသည် အငယ်ဆုံးနတ်သမီးလေးကို အလိုရှိကြောင်း မိကျောင်းကြီးအား တောင်းဆိုလေသည်။ မိကျောင်းကြီးက မုဆိုးအား စိတ်မပူရန်ပြောဆိုပြီး ရတနာဖြင့်စီခြယ်ထားသော ကျော့ကွင်းတစ်ခု ကိုပေးကာ နောက်တစ်ကြိမ်နတ်သမီးများလာချိန်တွင် ကျော့ကွင်းဖြင့် ပစ်ကာ မုဆိုးအားဖမ်းခိုင်းလိုက်သည်။

မုဆိုးလည်း မိကျောင်းကြီးပြောသည့်အတိုင်း ကျော့ကွင်းဖြင့် ပစ်လိုက်ရာ နတ်သမီးအားလုံးကို ဖမ်းမိသွားလေတော့သည်။

"ချမ်းသာပေးပါ ချမ်းသာပေးပါ။ ကျေးဇူးပြုပြီး ပြန်လွှတ်ပေးပါနော်"

နတ်သမီးခုနစ်ဖော်လည်း ကြောက်ရွံ့လှသဖြင့် ငိုယိုတောင်းပန်သော်လည်း မရနိုင်ဖြစ်နေရသည်။

"ညီမအငယ်ဆုံးကို ထားရစ်ခဲ့ရင်တော့ ကျန်သူတွေကို လွှတ်ပေးလိုက်မယ်"

နတ်သမီးများလည်း မည်သို့မျှမတတ်နိုင်သည့်အဆုံးမှ ညီမအငယ်ဆုံးကို မုဆိုးအားပေးထားရစ်ခဲ့ကာ မျက်ရည်စက်လက်ဖြင့် ပြန်သွားကြလေသည်။

အငယ်ဆုံးနတ်သမီးလေးသည်လည်း မုဆိုးအိမ်သို့လိုက်ပါသွားရတော့သည်။ သို့သော် နတ်သမီးလေးမှာ မည်သို့မျှမပျော်ရွှင်နိုင်ဖြစ်နေရသည်။ မုဆိုးသည် နတ်သမီးလေးအား ထွက်ပြေးမည်စိုးရိမ်သဖြင့် ကြိုးဖြင့်ချည်နှောင်ထားလေသည်။ မုဆိုး၏ ဇနီးသည်က နတ်သမီးလေးကို ထမင်း၊ ဟင်းများကျွေးမွေးသော်လည်း လုံးဝမစား၊ ရေလည်းမသောက်ပဲနေလေသည်။

နတ်သမီးလေး၏ ကိုယ်မှထွက်သော ရောင်ခြည်များသည် လင်းလက်တောက်ပနေပြီး ညအချိန်မှာပင် နေ့အချိန်ကဲ့သို့ လင်းထိန်နေပေသည်။

နတ်သမီးလေးသည် စကားလည်းလုံးဝမပြောဘဲ တုံဏှိဘာဝေ ဖြစ်နေသည်။ မုဆိုးဇနီးမောင်နှံတို့သည် နတ်သမီးလေး၏ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းတောက်ပနေသည့် အလင်းရောင်များကြောင့် ထိတ်လန့်ကြောက်ရွံ့လာပြီး နောက်ဆုံးတွင် နတ်သမီးလေးအား နန်းတော်ကြီးရှိ ဘုရင့်သားတော်ထံပေးအပ်ရန် ဆုံးဖြတ်လိုက်ကြသည်။

ဘုရင့်သားတော်ထံသို့ရောက်ရှိသွားသည့် နတ်သမီးလေးသည် သူ့အားအလွန်ချစ်ခင်ကြင်နာသော ဘုရင့်သားတော်၏ မေတ္တာတရားကို ရရှိလာခြင်းကြောင့် တဖြည်းဖြည်းပျော်ရွှင်လာလေသည်။ ကောင်းကင်ဘုံရှိညီအစ်မများကိုပင် မေ့သွားသည်အထိဖြစ်ရကာ နတ်သမီးလေးသည် ဘုရင့်သားတော်နှင့် ပျော်ရွှင်စွာနေထိုင်သွားလေတော့သတည်း။ ။

**Ref: The Fairy and The hunter.**

# ချီချင်းတို့ရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဓလေ့

**အမ်းမ်လောင်ရှီ**

ချီချင်းတို့သည် ရှေးပဝေသဏီကာလကပင် တောင်တန်းကြီးများပေါ်၌ အမဲလိုက်ခြင်း၊ တောင်ယာခုတ်ခြင်း၊ ဆိတ်၊ ဝက်၊ ကြက်တို့ကို တစ်နိုင်မွေးမြူခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသည်။

ထိုအရာအားလုံးလုပ်နိုင်ရန် အဓိကအရေးကြီးသော အခြေခံလိုအပ်ချက်မှာ တောတောင်သဘာဝစိမ်းလန်းစိုပြည်နေစေရေး (တစ်နည်းအားဖြင့်) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်ဖြစ်သည်။

ချင်းမိဘဘိုးဘွားတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မိမိတို့နည်း မိမိတို့ဟန်ဖြင့် ဆောင်ရွက်ခဲ့ကြရာ မျက်မှောက်ခေတ်နည်းလမ်းများနှင့် တူညီနေကြောင်း အံ့သြဖွယ်လေ့လာသိရှိရသည်။

ချီချင်းမြေပိုင်ရှင်တို့သည် မြေပိုင်ရှင်မဟုတ်သူများအား မိမိတို့ပိုင်နက်နယ်မြေတွင် အသက်မွေးလုပ်ငန်းလုပ်ကိုင်ခွင့် ပေးထားသည်။ သီးနှံ တင်း ၁၀၀ ထွက်လျှင် ၁၀ တင်းကို မြေပိုင်ရှင်မျိုးရိုးအား အခွန်သဘောပေးဆောင်ရသောဓလေ့ရှိသည်။ သားကောင်ရလျှင် သားကောင်၏ ရှေ့ပေါင်ကို မြေရှင်ဘက်သို့ ဓလေ့အရပေးရသည်။

တောတောင်စိမ်းလန်းစိုပြည်မှုကင်းမဲ့၍ လုပ်ကိုင်စားသောက်မှု အဆင်မပြေပါက အဆင်ပြေသောနယ်မြေဘက်သို့ ပြောင်းရွှေ့သွားတတ်ကြ၏။ ထိုအခါ မြေပိုင်ရှင်တို့သည် မိမိတို့မြေကို အမှီပြု၍ ရပေါက်ရလမ်းပိတ်သွားမည်။ ထိုသို့မဖြစ်ရလေအောင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြသည်။

တောမီးသည် တောတောင်တစ်ခွင် သွားလာလုပ်ကိုင်နေသူတို့၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မသမာသူတို့က တမင်ရှို့သောကြောင့်ဖြစ်စေ၊ လေတိုက်သောအခါ သစ်ကိုင်းခြောက်ချင်းပွတ်တိုက်ရာမှဖြစ်စေ၊ တောင်ယာမီးရှို့ရာမှ မီးကျွံသွားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ လောင်ကျွမ်းတတ်သည်။

တောမီးသည် သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ်ပျက်စီးစေသည်။ မြေပိုင်ရှင်တို့သည် တောမီးဖြစ်ရခြင်းအကြောင်းရင်းကို လေ့လာဖော်ထုတ်၍ သင့်လျော်ရာနည်းလမ်းဖြင့် တုံ့ပြန်ဆောင်ရွက်ကြရသည်။ လူ၏ပယောဂကြောင့်ဖြစ်ပါက တရားခံများအား လျော်ကြေးတောင်းခြင်း၊ တိုက်ခိုက်ခြင်း၊ သတိပေးခြင်း၊ ရှုတ်ချခြင်း စသည်ဖြင့် အရေးယူဆောင်ရွက်ရသည်။

ချောင်းသည် နွေ၊ မိုး၊ ဆောင်း ရာသီမရွေးစီးဆင်းရှင်သန်နေမှသာ လူနှင့် တိရစ္ဆာန်တို့အဆင်ပြေသည်။ ချောင်း၏ ဘယ်၊ ညာကမ်းနှစ်ဖက်တွင် သစ်ကြီး၊ ဝါးကြီးများ ပေါက်ရောက်ရှင်သန်မှသာ ချောင်းရေတည်တံ့သည်။ ထို့ကြောင့် ချောင်းဘေးရှိ သစ်ကြီး၊ ဝါးကြီးများကို ဘယ်လိုအကြောင်းကြောင့်မှ ခုတ်ယူသုံးစွဲခွင့်မပြုပေ။ ခုတ်ယူသူရှိလာပါက ထိထိရောက်ရောက် အပြစ်ပေးရသည်။ အထူးသဖြင့် ချောင်းဖျားပိုင်းတွင် ရေထိန်းအမြစ်များ ဖြာထွက်နေသောရေထွက်ပင်များအား ကာကွယ်ကြရသည်။ လိုအပ်လျှင် အပင်ငယ်လေးများအား သွားရောက်စိုက်ပျိုးကြရသည်။ အကြောင်းတစ်ခုခုကြောင့် တောမီးလောင်ပါက ချောင်းဘေးရှိသစ်ကြီး၊ ဝါးကြီးများအား မလောင်ကျွမ်းစေရန် မီးငြိမ်းသတ်ရသည်။ မီးတားလမ်းများ အလျင်အမြန်ဖောက်လုပ်ကြရသည်။

ဘိုးဘွားမြေပိုင်ရှင်တို့သည် သူတို့အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မခိုမကပ်လုပ်ဆောင်နိုင်ကြခြင်းဖြစ်သည်။သားမြေးများအားလည်း ထိန်းသိမ်းရေးနည်းလမ်းများအား အသေအချာမှာကြားသင်ပြလေ့ရှိသည်။

ကမ္ဘာပေါ်၌ နောက်ပိုင်းတွင် ဝန်ထမ်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တာဝန်ယူကြသည်ဟုဆိုသော်လည်း လူအင်အားမလုံလောက်ခြင်း၊ အကျိုးစီးပွားအရ တိုက်ရိုက်မကျခြင်း၊ အဂတိလိုက်စားမှုများရှိခြင်းတို့ကြောင့် ထိရောက်မှုအားနည်းလှကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

## ကျိုင်းလပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



တာချီလိတ် ဒီဇင်ဘာ ၂၁

ကျိုင်းလပ် ကုန်သွယ်ရေးစခန်းတွင် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ပို့ကုန်ပုစွန်ဖွဲ့ (တိရစ္ဆာန်အစာ) ၅၀၇ တန် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်ရာသီချိန်တွင် ဒေသထွက်ရော်ဘာအား မြန်မာ-လာအို နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားမှ ဖြတ်သန်းပြီး လာအိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ၎င်းပို့ကုန်များမှာ တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်လိုင်စင်/ED များဖြင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းသို့ ဖြတ်သန်းဝင်ရောက်ကာ အစစ်ဆေးခံပြီး တင်ပို့ခြင်းဖြစ်သည်။

ဒေသနေပြည်သူများမှာ တာချီလိတ်မြို့နှင့် ကျိုင်းတုံမြို့တို့မှ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအချို့ကို ဝယ်ယူသယ်ဆောင်ပြီး ဒေသတွင်းစားသုံးကြသည်။ ဒေသတွင်းငွေကြေးသုံးစွဲရာတွင် ဘတ်ငွေ/ ကျပ်ငွေများကို သုံးစွဲကြပြီး ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ဒေသငွေကြေးဈေးနှုန်းမှာ တစ်ဘတ်လျှင် ၈၁ ကျပ်ခန့်ဖြစ်သည်။

**သတင်းစဉ်**

## နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံ အစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ ထိနှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ ထိတို့အား တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံ Myanmar Rice Federation–MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ညှိမထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန် တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် အရောင်းစာချုပ် (Sales Contract)ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေး အတွက်လိုအပ်သည်များဆောင်ရွက်ခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်အထိ ဆန်တန်ချိန် ၁၅၀၀၀၀ ခန့်အား တင်ပို့ခဲ့ပြီး တင်ပို့ရန်ကျန်ရှိသော ဆန်များအနက် ဆန်တန်ချိန် ၁၅၀၀၀ ခန့်အား သင်္ဘောတင်ဆဲဖြစ်ကာ ကျန်ရှိသည့် ဆန်များအား သတ်မှတ်ကာလအတွင်း ပြည့်မီအောင် ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်း နှိုင်းယှဉ်မှု

ကချင် ဒီဇင်ဘာ ၂၁

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက် အတွင်း ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်း၊ ကြံ၊ မြေပဲဆန်၊ ပြောင်း၊ ပိုးလုံးအိမ် (DRIED COCOON)၊ ရော်ဘာ၊ ပဲတီစိမ်း၊ ဖရဲသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ ငွေပမာဏမှာ ၅၇၉၁၅၅၅ ဒသမ ၅ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ တင်ပို့ကုန်၏ ငွေပမာဏမှာ ၄၈၅၇၆၁၄ ဒသမ ၆၉ ကန်ဒေါ်လာနှင့် ကာလတူ တင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၉၃၃၉၄၀ ဒသမ ၈၁ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်း ကန်ပိုက်တီနှင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ လယ်ထွန်စက်၊ ဆေးဝါးပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ကုန်ထုတ်စက္ကူများ၊ ချည်ထည်များ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ကားတာယာ၊ သံပိုက်၊ မြက်ခင်းတုနှင့် အခြားပစ္စည်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏမှာ ၄၆၃၈၅၈ ဒသမ ၃၂ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်ထိ တင်သွင်းကုန်၏ ငွေပမာဏ ၄၇၄၂၇၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၀၄၁၁ ဒသမ ၆၈ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်သွင်းခဲ့သည်ကို တွေ့ရသည်။

ပို့ကုန်/ သွင်းကုန် ပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၃၂၇၆၉၇ ဒသမ ၁၈ ကန်ဒေါ်လာပိုမို တင်ပို့နိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၂ ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၁ ဒသမ ၂၀ ကျပ်ရှိကြောင်း သိရှိရသည်။

**မနောမြေကုန်သွယ်မှုဇုန်ဌာန**

## ဆိပ်ဖြူကြက်သွန်နီ ကုန်စည်စီးဆင်းမှုနှင့် ဈေးကွက်အခြေအနေ



မကွေး ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် ဩဂုတ်လ ရွာသွန်းမိုးဖြင့် စက်တင်ဘာလတွင် စိုက်ပျိုးသော (မိုးစိုက်) (ဥစိုက်) ကြက်သွန်နီများ ဒီဇင်ဘာလဆန်းတွင် တူးဖော်၍ တစ်ရက်လျှင် ကုန်ချိန်ပိဿာ ၃၀၀၀ မှ ၁၀၀၀၀ အထိ ကြက်သွန်နီပွဲရုံများနှင့် ဈေးတန်းများတွင် နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ မိုးကြက်သွန်နီ (အသစ်) ပေါ်စရာသီဖြစ်၍ ဈေးကွက်အတွင်းသို့ ကုန်ချိန်အဝင် နည်းနေသေးသော်လည်း ဇန်နဝါရီလတွင် (ဥစိုက်) ကြက်သွန်နီများ လှိုင်လှိုင်တူးဖော်ရမည်ဖြစ်၍ ကုန်ချိန်အဝင်များလာမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီဈေးကွက်အတွင်း ကြက်သွန်နီ (အသစ်)များ အဝင်နည်းပြီး အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခင်နှစ် (မိုး) ကြက်သွန်နီ (အသစ်) ပေါ်ချိန်တွင် တစ်ပိဿာလျှင် အနိမ့်ဈေး ငွေကျပ် ၅၀၀ မှ အမြင့်ဈေး ငွေကျပ် ၇၀၀ ထိ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုသီးနှံပေါ်ချိန် ဒေသတွင်း ဈေးကွက်တွင် တစ်ပိဿာလျှင် ထိပ်စ ငွေကျပ် ၂၉၅၀ မှ ၂၇၀၀၊ အလတ်စ ငွေကျပ် ၂၅၀၀ မှ ၂၃၀၀၊ အသေးစ ငွေကျပ် ၁၀၀၀မှ၁၅၀၀ ခန့်ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုနှစ် ကြက်သွန်နီဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသော်လည်း ဈေးကောင်းမီစေရန်အတွက် တောင်သူများမှာ စောစောစိုက်ကြပြီး မိုးအကြိမ်ကြိမ်ရွာသွန်းခြင်းကြောင့် အပင်ပေါက် မစုံလင်သည့်အပြင် အပင်ဖြစ်သန်မှုနည်းခြင်းကြောင့် ကြက်သွန်နီပိဿာချိန် အထွက်နှုန်း လျော့နည်းသွားခြင်းကြောင့် သီးနှံပေါ်စတွင် ကုန်ချိန်အဝင်နည်းကြောင်း ကြက်သွန်နီစိုက်တောင်သူ ကုန်သည်ပွဲစားများထံမှတစ်ဆင့် သိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် ဆိပ်ဖြူမြို့မှ ထွက်သော (မိုး)ကြက်သွန်နီ (အသစ်)များကို ဈေးကွက်အတွင်းသို့ ဒီဇင်ဘာ ၁ ရက်မှ ၁၄ ရက် အတွင်း ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန် ပိဿာ ၇၀၀၀၀ အိတ် ၁၈၀၀ ခန့်ကို ၁၆ ဘီးယာဉ်ဖြင့် တင်ပို့လျက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် မြဝတီမြို့သို့ တင်ပို့မှုမရှိသေးကြောင်း၊ ဒေသတွင်း ကြက်သွန်နီစိုက်တောင်သူများမှာ ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း (မိုးစိုက်) ကြက်သွန်နီ (အသစ်)များ လှိုင်လှိုင်တူးဖော်ချိန်တွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **DOCA (မကွေး)**

## မုံရွာမြို့၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာ ဒီဇင်ဘာ ၂၁

မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန် သီးနှံများထဲမှ ပြောင်းနီ၊ ပဲတီစိမ်းကြီး၊ ကုလားပဲဈေးနှုန်းများ ဆက်လက်မြင့်တက်နေပြီး ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသေး ဈေးနှုန်းများ ကျဆင်းသွားသည်။ ယခုတစ်ပတ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း(ကြီး)၊ ပဲတီစိမ်း(သေး) သီးနှံ တစ်တင်းပေါက်ဈေးနှုန်းများမှာ ပဲစင်းငုံ ငွေကျပ် ၅၄၂၀၀၊ မတ်ပဲ ငွေကျပ် ၅၆၀၀၀ နှင့် ပဲတီစိမ်း(ကြီး) ငွေကျပ် ၄၂၀၀၀–၄၆၅၀၀၊ ပဲတီစိမ်း(သေး) ငွေကျပ် ၃၇၀၀၀ ပေါက်ဈေးရှိသည်။ ယခင်တစ်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၅၈၅၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၅၉၀၀၀ နှင့် ပဲတီစိမ်း(ကြီး)တစ်တင်းလျှင် ကျပ် ၄၂၀၀၀–၄၆၀၀၀၊ ပဲတီစိမ်း(သေး)ကျပ် ၃၇၅၀၀ ပေါက်ဈေးရှိ၍ ယခင်တစ်ပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၄၃၀၀၊ မတ်ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀ နှင့် ပဲတီစိမ်း(သေး)တစ်တင်းလျှင် ကျပ် ၅၀၀ နှုန်း ကျဆင်းသွားပြီး ပဲတီစိမ်း(ကြီး)မှာ အနည်းငယ်မြင့်တက်လာသည်။

ကုလားပဲ(မျိုးစုံ)တွင် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၆၅၀၀၀၊ ကုလားပဲဖြူလုံးသေး ကျပ် ၆၅၀၀၀၊ ကုလားပဲ 929 ကျပ် ၆၀၀၀၀ ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၆၄၀၀၀၊ ကုလားပဲဖြူလုံးသေး ကျပ် ၆၄၀၀၀၊ ကုလားပဲ 929 ကျပ် ၅၉၅၀၀ ပေါက်ဈေးရှိ၍ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ကုလားပဲဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။ ယခုတစ်ပတ်တွင် ပြောင်းနီတစ်တင်းလျှင် ကျပ် ၂၁၀၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ပေါက်ဈေးရှိသည်။ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ ပြောင်းနီတစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပြောင်းဖူးစေ့ CP တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ရှိ၍ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဝယ်လိုအားမြင့်တက်လာပါသဖြင့် ပြောင်းနီဈေး အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။ **ဇေယျာကုန်သွယ်မှုဇုန်ဌာန**



## ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော ချင်း(အစို)

ရန်ကုန် ဒီဇင်ဘာ ၂၁

လယ်ယာထွက်ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့် ချင်း(အစို)အား ပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ခြောက်လတာကာလအတွင်း ချင်း(အစို) တန်ချိန် ၈၅ တန် တန်ဖိုး သုည ဒသမ ၀၆၅ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လတာကာလအတွင်း ချင်း(အစို) တင်ပို့မှုတန်ချိန် ၇၁၆ တန် တန်ဖိုး သုည ဒသမ ၃၄၆ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်ကာလထက် သုည ဒသမ ၂၈၁ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၌ မြေပဲစိုက်ပျိုးမှု အခြေအနေ

စစ်ကိုင်း ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် မိုးမြေပဲ ၃၇၁၉၁၆ ဧက၊ ဆောင်းမြေပဲ ၄၃၇၁၉၉ ဧကနှင့် မြေပဲစိုက်ဧကပေါင်း ၈၀၉၁၁၅ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ အများဆုံးစိုက်ပျိုးသောခရိုင်များမှာ ရွှေဘိုခရိုင်တွင် ဧက ၁ ဒသမ ၆၉ သိန်းကျော်၊ ကန့်ဘလူခရိုင်တွင် ဧက ၁ ဒသမ ၅၆ သိန်းကျော်နှင့် ရွှေဘိုခရိုင်တွင် ဧက ၁ ဒသမ ၄ သိန်းကျော် စိုက်ပျိုးထားရှိသည်။ မိုးမြေပဲဧက ၃၇၁၉၁၆ ဧကမှာ ယနေ့အထိ ဧကပေါင်း ၃၆၉၁၂၃ ရိတ်သိမ်းပြီးစီးခဲ့ကြောင်း သိရသည်။

မုံရွာကုန်စည်ဒိုင်ရှိ ယနေ့ မြေပဲလုံးဆန် ပေါက်ဈေးနှုန်းများမှာ မြေပဲဆီဆန်ဖြူတစ်ပိဿာလျှင် ၄၇၀၀ ကျပ်နှင့် မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ၅၀၀၀ ကျပ်ရှိပြီး ယခင်အပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိသည်။ ဆီဈေးနှုန်းမှာ ပဲဆီတစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၉၅၀၀ ထိ၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ဇေယျာကုန်သွယ်မှုဇုန်ဌာန**

## မောင်ရဲမင်းသန်းနှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြဝတီရိပ်သာဝန်း၊ တိုက်(၇)၊ အခန်း(၇)နေ ဒေါ်ရီရီဝင်း[၁၂/အလန(နိုင်)၀၀၈၆၃၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း မောင်ရဲမင်းသန်းနှင့်အများ သိစေရန် ကြေညာအပ်ပါသည်။

အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်-၁၄၉(၆-လွှာ)နေ မောင်ရဲမင်းသန်း(ဘ)ဦးထွေးရီ(ခ)ဦးထွေး၊ မှတ်ပုံတင်အမှတ်[၁၂/အလန(နိုင်)၁၄၆၇၀၉]သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီဝင်းအမည်ပေါက်ပိုင်ဆိုင်သော HONDA FIT GD1/ ယာဉ်အမှတ်-1F/4365နှင့် ဗီရိုထဲတွင်ထည့်သွင်း သိမ်းဆည်းထားသော ကားနှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအားလုံးကို ပိုင်ရှင်မသိဘဲ ယူဆောင်သွားခဲ့သည့်အတွက် မင်္ဂလာတောင်ညွန့် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဝင်း အမည်ပေါက်ပိုင်ဆိုင်သော HONDA FIT GD1/ယာဉ်အမှတ်-1F/4365(အမည်းရောင်)ယာဉ်အား အရောင်း/အဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် လိုက်လံရောင်းချ/ပေါင်နှံသည်ကို တွေ့ရှိပါက ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီဝင်းထံသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်၊ ဆက်သွယ်ခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်သော မော်တော်ယာဉ်အား လက်ခံခြင်း၊ အရောင်း/အဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများလုပ်ဆောင်ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သက်ဆိုင်ရာဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ရီရီဝင်း**
**ဆက်သွယ်ရန်**
**၀၉-၇၈၈၀၃၅၅၉၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၆ )**
**အမှတ်-၂၄၊ အရှေ့ဗဟိုလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၀၄၀၀၉၉၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ တိုက်အမှတ်(၁၆၆)၊ (၂)ခန်းတွဲRC(၅)ထပ်တိုက်၏ တတိယထပ်(၄လွှာ) (တိုက်ကိုမျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)အခန်း၊ ဧရိယာ(၅၄၀.၅)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်မီမီလှိုင် [၁၂/ပဘတ(နိုင်)၀၁၇၀၄၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်မင်းဝေ [၉/မခန(နိုင်)၁၉၂၃၆၄]၊ ဒေါ်မြမိုးသူ [၉/မခန(နိုင်)၁၈၅၂၅၂] တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းဝေ၊ ဒေါ်မြမိုးသူတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09- 765602290**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ မြေကွက်အမှတ်(၁၂၇၁/ခ)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၇၁/ခ)၊အောင်သုခ-၂၅လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြည်[၁၂/သကတ(နိုင်)၀၁၁၀၇၀]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်(မိခင်)နှင့် ဦးဟုတ်ဟန်(AA-၁၀၅၄၂၀)(ဖခင်) တို့ အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏သမီးဖြစ်သူ ဒေါ်သိန်းပိုင်[၁၂/သကတ(နိုင်) ၀၁၂၄၅၈]ထံမှ(အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၁၁၅/၂၀၂၂)(၇-၉-၂၀၂၂)ရရှိသူ ဦးထွန်းခိုင်[၉/ညဥန(နိုင်) ၁၂၄၀၂၀]မှ ဂရန်(မူရင်း)၊ GP မူရင်း၊ ဒေါ်ကြည်၏ သေစာရင်း၊ ဦးဟုတ်ဟန်၏သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် GP မရုပ်သိမ်းသေးကြောင်း ဦးထွန်းခိုင်၏ တရားရုံးကျမ်းကျိန်လွှာ၊ ကွယ်လွန်သူမိဘများတွင် သမီးအရင်းဖြစ်သူ ဒေါ်သိန်းပိုင်တစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားပြီး အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိပါကြောင်းနှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁၊ မြေကွက်အမှတ်-၁၆အေ၂/အေ၊ ၁၈အေ၁/အေ၊ ဧရိယာ(၀.၀၆၃)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၉၇)၊ ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်သန်းသန်းရီ[စီဂျီ-၀၅၄၀၂၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(မိခင်)ဒေါ်သန်းသန်းရီသည် (၃၁-၃-၂၀၂၁)ရက်နေ့နှင့် (ဖခင်) ဦးကိုဆွေသည် (၁၇-၄-၂၀၁၆)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မြဥမ္မာဆွေ [၁၂/ဗဟန(နိုင်)၀၃၈၈၆၅]၊ ဦးသူရဆွေ [၉/မနမ(နိုင်)၀၀၀၀၀၂]တို့မှ အမွေဆက်ခံခွင့်ရှိကြောင်း ဒဂုံမြို့နယ်တရားရုံး၏ မှတ်ပုံတင်အမှတ်- ၁/၂၁၆၈/၂၀၂၂(၁၉-၁-၂၀၂၂)အရ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးခြင်းလက်မှတ်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့နှင့် ဦးသူရဆွေထံမှ ဂျပန်နိုင်ငံရှိ တိုကျိုမြို့အခြေစိုက်သံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၁-၁၂-၂၀၂၁ ရက်နေ့စွဲပါ ထောက်ခံချက်အမှတ် (၁၀၆/၂၀၂၁)ဖြင့် မြန်မာသံရုံး၏ GP အမှတ် ၁၇၃၅/၂၀၂၁ (၁၃-၁၁-၂၀၂၁)ဖြင့်ရသူ ဒေါ်မြဥမ္မာဆွေမှ ပါဝါမရုပ်သိမ်းကြောင်းနှင့် ပါဝါပေးသူသက်ရှိထင်ရှားကြောင်း ကျမ်းကျိန်လွှာ၊ မြေစာရင်းမှတ်ချက်အရ ၁၉၉၇ ခုနှစ်တွင် မြေပုံကူးခဲ့ခြင်းမှာ အိမ်ဆောက်ရန်အတွက် မြေပုံကူးခဲ့ခြင်းသာဖြစ်ပါကြောင်း ဝန်ခံကတိပြုကြောင်း၊ ၂၀၀၀ ခုနှစ်တွင် သမဝါယမဘဏ်၌ ငွေချေးရန်အတွက် မြေပုံမြေရာဇဝင် မူရင်းထုတ်ယူခဲ့သော်လည်း အဆိုပါ မြေပုံမြေရာဇဝင်မူရင်းမှာ မည်သည့်ဘဏ်တွင်မှ အာမခံပစ္စည်းအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံကတိပြုကြောင်း၊ ၂၀၁၀ ခုနှစ်တွင် မြေအမည်ပေါက် မိခင်ဖြစ်သူ ဒေါ်သန်းသန်းရီမှ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့သော်လည်း အမှုတွဲထားပြီး ပြတ်အောင်ဆောင်ရွက်ခဲ့ခြင်းမရှိပါကြောင်းနှင့် မြေပုံမြေရာဇဝင်ကိုလည်း ထုတ်ယူခဲ့ခြင်းမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၄၆၃/၂၂ (၆-၉-၂၀၂၂)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ပိုင်ဖြိုး မှတ်ပုံတင်အမှတ် [၆/ထဝန(နိုင်)၁၂၀၂၁၇]၏ သင်္ဘောသား CDC စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၂၀၇၇၉၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ(၆)လမ်း၊ ကမာကြည်အိမ်ရာ၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ် (၁၀၃)အား အမည်ပေါက် ဒေါ်စန်းစန်းလှ [၁၄/ဇလန(နိုင်)၁၀၁၇၈၆]ထံမှ ဒေါ်ဥမ္မာရှင် [၁၁/စတန(နိုင်)၀၀၂၁၅၄]က ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊မြို့ပြနှင့်**
**အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀H၃၊ မြေကွက်အမှတ်-I-၁၁၊ ဧရိယာ(၀.၀၇၆)ဧကေ၊ မြေကွက်တည်နေရာအမှတ်-၁၆၃၊ ၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၁၈-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်ခင်မြိုင်[၁၂/ဗတထ(နိုင်)၀၁၀၆၄၉]၊ ဒေါ်ခင်အေး [၁၂/ဒပန(နိုင်)၀၁၀၉၄၀]၊ ဒေါ်ခင်ငွေး[၁၂/ဗတထ(နိုင်)၀၀၆၇၁၈]၊ ဒေါ်ခင်မြင့် [၁၂/ဗတထ(နိုင်)၀၀၆၇၅၈]၊ ဒေါ်တင်အောင်[၁၂/ပဘတ(နိုင်)၀၀၃၇၄၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်(၅)ဦးအနက် ဒေါ်ခင်မြိုင်(မိခင်)သည် (၂၆-၇-၂၀၂၀)ရက်နေ့တွင်လည်းကောင်း၊ ဦးဘိုကြီး(ဖခင်)သည်(၁၅-၂-၁၉၆၂)ရက်နေ့တွင်လည်းကောင်း၊ အသီးသီး ကွယ်လွန်သဖြင့် ဦးမျိုးညွန့် [၁၂/ဗတထ(နိုင်)၀၀၆၇၅၃]၊ ဒေါ်ချိုချို[၁၂/ဗတထ(နိုင်)၀၀၆၈၄၇]၊ ဒေါ်တင်တင်[၁၂/ပဇတ(နိုင်)၀၀၇၅၉၀]တို့မှ သား သမီးများတော်စပ်ကြောင်းနှင့် အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ခင်မြိုင်(မိခင်) သေစာရင်း၊ ဦးဘိုကြီး(ဖခင်)သေဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ သေစာရင်းရှာဖွေမတွေ့ရှိကြောင်း အကြောင်းကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် ပူးတွဲပိုင်ရှင်များဖြစ်သော ဒေါ်ခင်အေး [၁၂/ဒပန(နိုင်)၀၁၀၉၄၀]၊ ဒေါ်ခင်ငွေး [၁၂/ဗတထ(နိုင်)၀၀၆၇၁၈]၊ ဒေါ်ခင်မြင့် [၁၂/ဗတထ(နိုင်)၀၀၆၇၅၈]၊ ဒေါ်တင်အောင်[၁၂/ပဘတ(နိုင်)၀၀၃၇၄၉] တို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ (၂၀)သံဒင်းရပ်ကွက်၊ အမှတ်(၅၈၃)၊ ပါမစ်အမည်ပေါက် ဦးစန်းဌေး(ISN-၀၂၁၅၃၅)အမည်ဖြင့် မှတ်သားတည်ရှိပြီး အကျယ်အဝန်း ပေ(၄၀x၆၀)ရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ထောင့်ကွက်)အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု ဝန်ခံကတိပြုသူ ဦးရဲဝင်းနိုင် [၈/ဆဖန(နိုင်)၀၀၀၇၁၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းသဇင်ထွန်း [၁/ဗမန(နိုင်)၀၈၂၀၅၂]က တရားဝင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများကို တင်ပြ၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်နှင်းသဇင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်လင်းထွေး(LL.B)** **ဒေါ်မြင့်မြင့်မူ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၂၃၈)** **အထက်တန်းရှေ့နေ (စဉ်-၅၀၇၇၄)**
**ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊ ရှေ့နေများနားနေခန်း၊ ဖုန်း-၀၉-၄၂၀၁၀၇၅၈၄၊ ၀၉-၄၂၀၂၁၄၄၅၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အင်းစိန်မြို့နယ်တရားရုံးတော်**
**၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁**

ဒေါ်ခင်စန်းကြည် နှင့် ၁။ ဦးအေးမြင့်နိုင်
၂။ မအေးနန္ဒာမြင့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၃၆)(တပ်ရင်း)၊ မြေညီထပ်၊ အခန်း(၂)၊ တိုက်(၂)နေ (၁) တရားပြိုင် ဦးအေးမြင့်နိုင်နှင့် (၂) တရားပြိုင် မအေးနန္ဒာမြင့်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက **"ငွေကျပ် ၂၅၀၀၀၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်း) ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်၊ (၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်နေ့)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်အောင်ဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**အင်းစိန်မြို့နယ်တရားရုံး**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှု လျှောက်ထားခံရသူများသို့ အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၃၇၀**

ဒေါ်မြင့်ရီ နှင့် ၁။ ဒေါ်ခင်အုန်း
၂။ ဒေါ်လှလှသန်း(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးသက်ပိုင်ဖြိုး)
၃။ ဒေါ်စန်းစန်းဝင်း(ခ)ဒေါ်နု
၄။ မောင်ကျော်ကျော်အောင်(ခ) မောင်စန်းလွင်
၅။ ဒေါ်ထွေးစိန်(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်ခင်ဌေးမြင့်)

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၁၈ခုနှစ်၊ မေလ ၂ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၇၃၁/၂၀၁၄ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၁၂၅/ခ)နေ လျှောက်ထားခံရသူ မောင်ကျော်ကျော်အောင်(ခ) မောင်စန်းလွင်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၂၃)ရက်(၁၃၈၄ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ အခန်းအမှတ်-၂အေ/၃၀၁နေ ဒေါ်ချိုချိုခိုင်[၁၂/အစန(နိုင်)၁၈၈၄၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုချိုခိုင် အမည်ဓာတ်ပုံတို့ကို အသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာများဖြစ်သော Facebook, Groups, Comments, Share, Messenger, Instegram, E-mail, Viber, Wechat, Line, Telegram စသောဆက်သွယ်ရေးကွန်ရက်စသည်တို့မှနေ၍ ဒေါ်ချိုချိုခိုင်၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန် ပတ်ဝန်းကျင်တွင် ထင်ယောင်ထင်မှားဖြစ်စေရန် အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ပြုမူပြောဆိုရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်နှောင့်ယှက်ခြင်းတို့ ပြုလုပ်နေကြသည်ကို တွေ့ရှိရပါသည်။ (ခိုင်လုံသော အထောက်အထားများလည်း ရရှိထားပြီးဖြစ်ပါသည်။) သို့ပါ၍ ထိုကဲ့သို့ ရေးသားပြောဆိုမှုများအား လူမှုကွန်ရက်စာမျက်နှာများမှဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ၊ မည်သို့သောအကြောင်းကြောင်းနှင့်မျှ မပြုလုပ်ကြရန် အတိအလင်းတားမြစ်အပ်ပါသည်။ တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို ဂုဏ်သိက္ခာကျဆင်းစေမှု၊ အသရေဖျက်မှု၊ ဆက်သွယ်ရေးဥပဒေဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော် (LL.B) (စဉ်-၁၇၇၁၃)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးညီညီသော်လင်း(LL.B) (စဉ်-၅၁၈၄၂)** **ဦးခွန်ထွန်း(LL.B) (စဉ်-၅၃၃၇၇)** **ဦးမျိုးကျော်သက်(LL.B) (စဉ်-၅၄၉၉၆)**
**အထက်တန်းရှေ့နေများ**
**အမှတ်(မ-၁၇)၊ နံ့သာမြိုင်(၁)လမ်း၊ နံ့သာကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၃၁၂၅၊ ၀၉-၇၆၆၆၈၈၄၈၄**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ မြိတ်လမ်း၊ အမှတ်(၁၄)နေ (အဖ) ဦးမူရီရား၏ သမီးဖြစ်သူ ဒေါ်ဝယ်လဲမား၊ မှတ်ပုံတင်အမှတ်(PAN 243310)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမားနှင့် ခင်ပွန်းဖြစ်သူ ဦးတံကရား (ဘ) ဦးပစီရာ (မှတ်ပုံတင်အမှတ်- PAN 213154) တို့သည် ၁၉၆၁ ခုနှစ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ပါသည်။

၂။(က) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်အလယ်ကွင်း၊ ကွင်းအမှတ်(၁၂၆၉/က)၊ ဦးပိုင် အမှတ် (၃၉)၊ ဧရိယာအကျယ်အဝန်း (၀.၉၅)ကေရှိ အိမ်အပါအဝင် မြေကွက်နှင့်တကွ ယင်းအိမ်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

(ခ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာ၊ ကော့ကျိုက်အလယ်ကွင်း၊ ဧရိယာအကျယ်အဝန်း (၄၀ပေ x ၇၀ပေ)ရှိ မြေကွက်နှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဂ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်တောင်ကွင်း၊ ကွင်းအမှတ် (၁၂၆၉/ခ)၊ ဦးပိုင်အမှတ်(၂၄/၁)၊ ဧရိယာအကျယ်အဝန်း(၇.၂၂)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဃ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်မြောက်ကွင်း၊ ကွင်းအမှတ်(၁၂၇၀/က)၊ ဦးပိုင်အမှတ်(၆/၃)၊ ဧရိယာအကျယ်အဝန်း(၂.၃၄)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(င) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာ၊ ကော့ကျိုက်မြောက်ကွင်း၊ ကွင်းအမှတ် (၁၂၇၀/က)၊ ဦးပိုင်အမှတ်(၅/၁)၊ ဧရိယာအကျယ်အဝန်း(၃.၃၂)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(စ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်မြောက်ကွင်း၊ ကွင်းအမှတ် (၁၂၇၀/က)၊ ဦးပိုင်အမှတ် (၆/၅)၊ ဧရိယာအကျယ်အဝန်း(၄.၁၁)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဆ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်မြောက်ကွင်း၊ ကွင်းအမှတ် (၁၂၇၀/က)၊ ဦးပိုင်အမှတ်(၆/၁)၊ ဧရိယာအကျယ်အဝန်း(၁.၉၂)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဇ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ပေါက်ကုန်းကွင်း၊ ကွင်းအမှတ်(၁၂၇၅/ခ)၊ ဦးပိုင်အမှတ် (N၂၉/၂)၊ ဧရိယာအကျယ်အဝန်း(၄.၀၀)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဈ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အနောက်ကျေးရွာ၊ ကော့ကျိုက်အလယ်ကွင်း၊ ကွင်းအမှတ် (၁၂၆၉/က)၊ ဦးပိုင်အမှတ်(၁၆/၁/ခ)၊ ဧရိယာ အကျယ်အဝန်း (၁.၆၆)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

(ည) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင် အရှေ့ကျေးရွာ၊ ကျုံကရင်ကွင်း၊ ကွင်းအမှတ်(၁၂၉၃)၊ ဦးပိုင်အမှတ် (၅/၁/က)၊ ဧရိယာအကျယ်အဝန်း (၇.၈၀)ကေရှိ လယ်ယာမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဋ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အရှေ့ကျေးရွာ၊ ကျုံကရင်ကွင်း၊ ကွင်းအမှတ်(၁၂၉၃)၊ ဦးပိုင်အမှတ် (၅/၁/ခ)၊ ဧရိယာ အကျယ်အဝန်း(၁.၂၀)ကေရှိ လယ်ယာ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဌ) ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ဇာသပြင်အနောက်ကျေးရွာ၊ ကော့ကျိုက်အလယ်ကွင်း၊ ကွင်းအမှတ် (၁၂၆၉/က)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ အကျယ်အဝန်း(၄.၀၄)ကေရှိ ဥယျာဉ်ခြံမြေနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ အပိုဒ် ၂(က)မှ (ဌ) အထိ အိမ်ခြံမြေ၊ ဥယျာဉ်ခြံ မြေနှင့် လယ်ယာမြေများသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမားနှင့် ခင်ပွန်းဖြစ်သူတို့ လက်ထပ်ပြီးသည့် နောက်ပိုင်းတွင်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမား၏ ခင်ပွန်း ဦးတံကရားအမည်ဖြင့် ဝယ်ယူထားသော အိမ်ခြံမြေ၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာ မြေများဖြစ်ပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမား၏ ခင်ပွန်းဖြစ်သူ ဦးတံကရားသည် (၁၇-၇-၂၀၂၁)ရက်တွင် ဆုံးပါးသွားခဲ့ပါသည်။

၄။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမားနှင့် ဦးတံကရားတို့ ပူးတွဲပိုင်ဆိုင်သော အထက်ဖော်ပြပါ အပိုဒ် ၂(က)မှ (ဌ) အထိ အိမ်ခြံမြေ၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာမြေများကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမား သိရှိသဘောတူညီခြင်းမရှိဘဲ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံထားခြင်း၊ မရိုးမဖြောင့်သော သဘောဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ပါက နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ကိစ္စရပ်များအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝယ်လဲမားမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ထိုသို့ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝယ်လဲမား၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမွန်ခိုင် (LL.B, D.B.L, D.I.L)**
**DL.(101) IP LAW (WIPO, SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၅၃)**
**အမှတ်-၅၅၇/၅၆၇၊ အခန်း-၉၀၂၊ (၉လွှာ) MAC Tower**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၈၉၇၇၃၊ ၀၉- ၇၉၅၁၈၈၉၈၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၄၃၈၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်။

၂။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၁၄၃၉၊ ဧရိယာ(၀.၀၅၅)ဧက၊ (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်။

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးမင်းအောင် [၇/ကဝန(နိုင်)၀၄၁၂၁၉] အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှ ယင်းမြေကွက်များနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆိုင်၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေများထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လဲ့လဲ့ဝင်း(LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း(အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၀၁၅၄၆၂၄၀၊ ၀၉-၇၉၉၅၉၅၅၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉(က)၊ သီရိမာလာလမ်း၊ မြေကွက်အမှတ်(၁၂၀/က) ဟုခေါ်တွင်သော ဦးမောင်စိုး အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်ပါ မြေအကျယ် (၂၁'x၆၀')၊ ဧရိယာ (၀.၀၂၉)ဧက၊ (၁၂၆၀) စတုရန်းပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်တင်ဦး [၁၄/ဇလန(နိုင်)၀၀၃၇၁၂]မှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်နိုင်ထွန်း [၇/သဝတ(နိုင်)၀၇၀၅၆၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးအောင်နိုင်ထွန်း**

**ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၆၀)**
**အမှတ်(၈၅၄/က)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သက်နိုင်စိုး CDC -49469 ၏ SID ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09- 792323287**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

လသာမြို့နယ်၊ အမှတ်-၁၇၀၊ (၁၇)လမ်း၊ (၂)ရပ်ကွက်နေ မနာမော်(၂၀၀၉၊တက္ကသိုလ်ဝင်တန်းအောင်)၏ ဖခင် ဦးကျာခိုင်နှင့် ဦးကြာခိုင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါက်တာစည်သူကျော် [၁၂/သဃက(နိုင်) ၁၇၃၃၈၅]နှင့် ဒေါက်တာ စိုးသိင်္ဂီအေး [၁၂/ဥကမ(နိုင်) ၂၂၅၉၅၆]တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် စိတ်သဘောထားချင်းမတိုက်ဆိုင်ကြတော့ပါသဖြင့် (၁၀-၁၂-၂၀၂၂)ရက်တွင် အင်္ဂလန်နိုင်ငံ၊ Bristol မြို့၌ အသိသက်သေများဖြစ်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၏ရှေ့မှောက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါက်တာစည်သူကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ထက်လင်း**
**B.A,(Psy).,LL.B,**
**အထက်တန်းရှေ့နေ (စဉ်-၅၄၄၃၄)**
**(Ph: 09-254514163, 09-685107329)**
**အမှတ်-(၆/က)၊ ဆရာထွန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရွှေကမ္ဘာအဆင့်မြင့်အိမ်ရာစီမံကိန်း၊ မင်းဓမ္မလမ်းတွင် တည်ရှိသော (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦမှ စတုတ္ထထပ် (၅)လွှာ၊ တိုက် အမှတ်(B-14)၊အခန်းအမှတ်(၄၀၁)၊ အကျယ်အဝန်း (၃၂ပေx၄၀ပေ)၊ အမြင့်(၉)ပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်တွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ဌေးဌေးမြိုင် [၇/ရတန(နိုင်) ၀၀၂၂၂၀]မှ (၁၇-၅-၂၀၁၃)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအခါတွင် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးမြိုင်မှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏ တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သူ ဦးဉာဏ်ဝင်းကျော် [၇/ရတန(နိုင်)၀၀၂၂၁၉]မှ အမွေဆက်ခံ ပိုင်ဆိုင်လာပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B) (စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ တိုက်(A)၊ အခန်းအမှတ်(A-၂၁၁၆)၊ [ယခင် တိုက်(၇)၊ အခန်း(၁၉)လမ်းသစ်အိမ်ရာ]ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်များကို ဝယ်ယူရန် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်သီတာ[၁၂/လမတ(နိုင်)၀၁၉၄၈၈]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၂၁၀၃၅၉၆၃** **ဖုန်း- ၀၉-၇၉၀၁၂၃၄၈၀**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)

## လုပ်ငန်းသုံးပစ္စည်းအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နတ်မြစ်၊ မကျီးချောင်းဝသောင်တူးပြီး ကျွန်းဆွယ်သဲဖို့တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းတင်ဒါ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချခြင်း တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ | - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ အမှတ် ၄၀၀၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။ |
| | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - ၂၂-၁၂-၂၀၂၂ရက် (ကြာသပတေးနေ့) မှစ၍ (ရုံးချိန်အတွင်း) |
| | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - ၃၀-၁၂-၂၀၂၂ ရက် (သောကြာနေ့) ညနေ(၄:၃၀)နာရီ |

၃။ လုပ်ငန်းသုံးပစ္စည်းတင်ဒါအား ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၊ ဖုန်း- ၀၁-၂၉၀၂၆၅၊ E-mail Address dredging.tatana@gmail.com သို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပြည်တော်သာပတ်လမ်း၊ အမှတ်(၇၈၀)တွင် နေထိုင်သူ ဒေါ်စိုးစိုးမေ [၁၂/ဥကမ(နိုင်)၁၄၇၆၃၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးမေသည် ၎င်း၏ သားဖြစ်သူ မောင်ရှိုင်းဝေယံဦး [၁၂/ရပသ(နိုင်)၀၇၉၆၃၇]အား မိဘ၏ ဆိုဆုံးမမှုအား နာခံမှုမရှိသည့်အပြင် ၎င်း၏ သဘောဆန္ဒအတိုင်း ပြုမူနေထိုင်သည့်အတွက် သားဖြစ်သူအား ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ မောင်ရှိုင်းဝေယံဦးနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးမေနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း၊ ၎င်း၏ လူမှုရေးအရှုပ်အရှင်း မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာထွန်း (LL.B)** | **ဒေါ်ယဉ်ယဉ်ထွန်း(LL.B, C.B.L, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၄၇၃)** | **(စဉ်-၁၀၃၈၁)** |

**အမှတ်(၈၀၆-ခ)၊ ရေကြည်လမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း- ၀၉-၄၃၀၅၆၁၅၆၊ ဖုန်း- ၀၉-၅၄၀၃၉၃၂**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းလွင် [၁၂/လမန(နိုင်)၁၀၂၈၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်စန်းလွင်သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်(၇၀၄)ဟုခေါ်တွင်သော ဧရိယာ (၄၄ပေx၆၀ပေ)ရှိ ဦးခင်မောင်ကြီး အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်၏ ခြေရင်းဘက်ခြမ်း (၂၀ပေx၆၀ပေ)ကို ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ လက်ရှိပိုင်သူ ဒေါ်မေဖူးဖူးသော်ထံမှ (၂၀-၁၀-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီးလက်ရောက်ရရှိခဲ့ပါသည်။

ဒေါ်မေဖူးဖူးသော်သည် ဖော်ပြပါမြေကို ဒေါ်နီနီထံမှ (၂၀-၁၀-၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်နီနီသည် ဒေါ်ရီရီမြင့်ထံမှ (၁၃-၁၁-၂၀၁၉)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင်ဝယ်ယူခြင်းစာချုပ်၊ ဒေါ်ရီရီမြင့်က ဒေါ်နီနီဝင်းထံမှ (၂၈-၃-၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်နီနီဝင်းက ဦးကျော်တင့်ထံမှ (၁၄-၈-၂၀၁၁)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်၊ ဦးကျော်တင့်က ဒေါ်ယဉ်ယဉ်ဦးနှင့် ဒေါ်ဥမ္မာဇင်တို့ထံမှ (၁-၆-၂၀၁၁)ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်ယဉ်ယဉ်ဦးနှင့် ဒေါ်ဥမ္မာဇင်တို့က ဦးရာခင်ထံမှ (၂၀-၄-၂၀၀၈)ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်၊ ဦးရာခင်က ဒေါ်ခင်ခင်ဝေထံမှ (၂၇-၂-၂၀၀၃)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်ခင်ခင်ဝေက ဦးတင်ထွန်းထံမှ (၂၃-၁-၂၀၀၃)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်၊ ဦးတင်ထွန်းက ဦးတင်မြင့်မိုး ထံမှ (၃၀-၁၀-၂၀၀၁)ရက်စွဲပါ ခြံမြေအရောင်းအဝယ်သဘောတူစာချုပ်၊ ဦးတင်မြင့်မိုးက ဦးတင်လှိုင်ထံမှ (၈-၇-၁၉၉၇)ရက်စွဲပါ ခြံမြေအရောင်းအဝယ်သဘောတူစာချုပ်၊ ဦးတင်လှိုင်က ဦးတင်ဝင်းထံမှ (၃-၁-၁၉၉၅)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်၊ ဦးတင်ဝင်းက ဖော်ပြပါမြေ၏ နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်ကြီးထံမှ (၄-၈-၁၉၉၂)ရက်စွဲပါ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်များဖြင့် အဆင့်ဆင့်အရောင်းအဝယ်ပြုလုပ်ပြီး ပိုင်ဆိုင်ခဲ့သူဖြစ်ပါသည်။ ထိုသို့ အဆင့်ဆင့်လွှဲပြောင်းရောင်းချရာတွင် အရောင်းအဝယ်ပြုလုပ်သော အိမ်မြေဥပစာအရောင်းအဝယ်စာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးမည်ဟု အသီးသီး ဝန်ခံကတိပြုထားပါသည်။

ဂရန်အမည်ပေါက်ဦးခင်မောင်ကြီးသည် (၃၀-၄-၁၉၉၆)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။ သို့ပါ၍ ကွယ်လွန်သူဦးခင်မောင်ကြီး၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူဒေါ်ရင်ရွှေနှင့် အဆင့်ဆင့် လွှဲပြောင်းရောင်းချခဲ့သူများသည် မှတ်ပုံတင်စာချုပ်ပြုလုပ်ရေးအတွက် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်ညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၁၂/၁၇-၁-၂၀၁၇)**
**အမှတ်(၂၅၆)၊ အောင်သိဒ္ဓိ (၁) လမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၅၉၈၇၂၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅-ရပ်ကွက်၊ ပုလဲသွယ်လမ်း၊ မြေကွက်အမှတ်-၁၉၅၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေယာဌာနတွင် ဦးလှမြိုင် [၁၂/မဂဒ(နိုင်)၀၅၂၀၉၄] (CE-၀၂၆၁၀၅) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ မြေကွက်အမှတ်-၁၉၅(က)၊ အကျယ်အဝန်း ပေ(၂၀x၆၀) မြေနှင့်တစ်ထပ်ပျဉ်ထောင်အိမ်(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်အစပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသူရအောင် [၁၂/ဒဂမ(နိုင်) ၀၀၃၇၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်နိုင် [၅/ရဉန(နိုင်)၀၀၅၁၀၉] နှင့် ဒေါ်ဖြူဖြူကြွယ် [၅/ကလဝ(နိုင်)၀၀၂၄၉၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့်(၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုထွေး(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၃)**
**အမှတ်-၆၂(ပထမထပ်)၊ အခန်းအမှတ်-၉၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၁၀၂၀၄၁၅၊ ၀၉-၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်-၁၁၈၄ ၊ မြေကွက်တည်နေရာအမှတ်-၁၁၈၄၊ ပြည်လုံးချမ်းသာလမ်း ၊ (၂၁)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်သန်းသန်းအေး [၁၂/တမန(နိုင်) ၀၁၂၇၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သန်းသန်းအေး (မိခင်) ဖြစ်သူသည် (၂၀-၇-၂၀၂၁)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး၊ ၎င်းမှ ဦးလွင်မျိုး + ၁ တို့အား "အမွေစားအမွေခံ ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်း မှတ်ပုံတင်စာချုပ်" အမှတ်-၆၇၉၉/၂၀၁၈ (၃-၇-၂၀၁၈)ဖြင့် မွေးစားခဲ့ပြီး ၎င်းတို့ ကျန်ရှိရာ (၁) ဦးလွင်မျိုး [၁၂/ရပသ(နိုင်)၀၅၆၆၂၀]၊ (၂) ဒေါ်သော်သော်တင် [၁၂/ကမတ(နိုင်)၀၇၈၁၁၈]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ သားသမီးဖြစ်ကြောင်း၊ အခြားကိတ္တိမသားသမီးများမရှိကြောင်း ၊ တရားရုံးကျမ်းကျိန်လွှာအမှတ်-၆/၂၇၇၅/၂၀၂၂ (၂၃-၆-၂၀၂၂) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင် ၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ နှစ်(၆၀) ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်သွပ်မိုး အိမ်(၂)လုံးရှိပြီး ကိုယ်တိုင်မနေ အိမ်ငှားထားရှိပြီး ဦးလွင်မျိုးနှင့် အိမ်ငှား ဒေါ်ချိုမာလွင် ၊ ဒေါ်ထွေးထွေးရီတို့မှ သိရှိသဘောတူ လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးလွင်မျိုး + ၁ တို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ်- ၁၃၃၅/က၊ မြေကွက်တည်နေရာ အမှတ်-၁၃၃၅/က၊ လယ်သမားလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်သန်းသန်းအေး [၁၂/တမန(နိုင်)၀၁၂၇၁]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သန်းသန်းအေး (မိခင်)ဖြစ်သူသည် (၂၀-၇-၂၀၂၁) ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး၊ ၎င်းမှ ဦးလွင်မျိုး+ ၁ တို့အား "အမွေစားအမွေခံ ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်း မှတ်ပုံတင်စာချုပ်" အမှတ်-၆၇၉၉/၂၀၁၈ (၃-၇-၂၀၁၈) ဖြင့် မွေးစားခဲ့ပြီး ၎င်းတို့ ကျန်ရှိရာ (၁) ဦးလွင်မျိုး[၁၂/ရပသ(နိုင်)၀၅၆၆၂၀]၊ (၂) ဒေါ်သော်သော်တင် [၁၂/ကမတ(နိုင်)၀၇၈၁၁၈]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ သားသမီးဖြစ်ကြောင်း၊ အခြားကိတ္တိမသားသမီးများမရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်-၆/၂၇၇၂/၂၀၂၂ (၂၃-၆-၂၀၂၂) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁) ထပ်သွပ်မိုး အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်မနေ အိမ်ငှားထားရှိပြီး ဦးလွင်မျိုးနှင့် အိမ်ငှား ဒေါ်သူဇာဝင်းတို့မှ သိရှိသဘောတူ လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးလွင်မျိုး+၁ တို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဟန်ဦး [၁၂/လမန(နိုင်)၀၀၆၂၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးအောင်ဟန်ဦးသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ပုန်းညက်လမ်း၊ မြေကွက်အမှတ်(၇၀၄) ဟုခေါ်တွင်သော ဧရိယာ (၄၄ပေx၆၀ပေ)ရှိ ဦးခင်မောင်ကြီး အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်မှ ခေါင်းရင်းဘက်ခြမ်း(၂၄ပေx၆၀ပေ)ကို ဆက်စပ်အရောင်းအဝယ်စာချုပ်များအရ လက်ရှိပိုင်သူ ဒေါ်ခင်ခင်ဝေ(ခ) ဒေါ်ကြင်မြင့်ထံမှ (၂၅-၁၀-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်နှင့်မြေ အကျိုးခံစားခွင့် အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ရရှိခဲ့ပါသည်။ ဖော်ပြပါမြေကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်ကြီး ကွယ်လွန်ပြီးနောက် ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ရွှေက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆက်ခံပိုင်ဆိုင်အကျိုးခံစားနေစဉ် ၎င်းထံမှ ဒေါ်ခင်ခင်ဝေ(ခ)ဒေါ်ကြင်မြင့်က (၂၆-၄-၁၉၉၇)ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထား အကျိုးခံစားခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ အဆင့်ဆင့်လွှဲပြောင်းရောင်းချရာတွင် အရောင်းအဝယ်ပြုလုပ်သော အိမ်မြေဥပစာအရောင်းအဝယ်စာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးမည်ဟု အသီးသီး ဝန်ခံကတိပြုထားပါသည်။

သို့ပါ၍ ဒေါ်ခင်ခင်ဝေ(ခ)ဒေါ်ကြင်မြင့်နှင့် ဒေါ်ရင်ရွှေတို့သည် မှတ်ပုံတင်စာချုပ်ပြုလုပ်ရေးအတွက် ဤကြော်ငြာပါရှိသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေခိုင်ညွှန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၂/၁၇-၁-၂၀၁၇)**
**အမှတ်(၂၅၆)၊ အောင်သိဒ္ဓိ (၁) လမ်း၊ (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၅၉၈၇၂၀၅**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ရီ
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**ဘဏ္ဍာရေး(စား/ဖျော်)**
## အသက် (၉၀) နှစ်

နေပြည်တော်ကောင်စီနယ်မြေနေ ဗိုလ်ချုပ်ကြီးထွန်းအောင်-ဒေါ်တင်မိုးနွယ်တို့၏မိခင် ဒေါ်ခင်ခင်ရီသည် ၂၁-၁၂-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခွန်ဆန်းမြင့်
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**
## အသက်(၆၃)နှစ်

ပင်လုံမြို့၊ ရပ်ကွက်(၃)၊ မိုးညိုလမ်း၊ အမှတ်(၈၅)နေ ဒေါ်နန်းမြနီ၏ခင်ပွန်း၊ မနန်းမေဇင်ဦး၊ မောင်ခွန်အောင်ကျော်မြင့်တို့၏ဖခင် ဦးခွန်ဆန်းမြင့်(ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်)သည် ၂၀-၁၂-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စီးပွားရေးဘဏ်**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးနေဝင်း
**ဒု-တိုင်းဥပဒေအရာရှိ(ငြိမ်း)၊ တရားလွှတ်တော်ရှေ့နေ**
## အသက်(၇၂)နှစ်

မြန်မာနိုင်ငံအငြိမ်းစား ဥပဒေအရာရှိများအသင်း၊ အသင်းဝင် ဦးနေဝင်း (ဒု-တိုင်းဥပဒေအရာရှိ-ငြိမ်း)သည် ၁၉-၁၂-၂၀၂၂ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအငြိမ်းစား ဥပဒေအရာရှိများအသင်း**

---

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးခန့်ဦးနွယ်(ဦးခန့်)
## အသက်(၇၅)နှစ်

အမှတ် (၁၅၄)၊ ငါးလွှာ၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးဒီအင်ချာတာဂျီ-ဒေါ်ကြည်ကြည်)တို့၏သားကြီး၊ (ဦးဇော်မင်းနွယ်)-Dr. တင်မေဦး၊ ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်သင်းသင်းနွယ်၊ ဦးတိုးတင့်နွယ်၊ ဒေါ်မြတ်ထွေးနွယ် -Mr. Bruce Aiton၊ ဦးမြတ်မင်းနွယ် -ဒေါ်စုစုကြည်တို့၏ အစ်ကိုကြီး၊ တူ/တူမ မြေးများ ခြောက်ယောက်တို့၏ ဘကြီး ဦးခန့်ဦးနွယ်သည် ၁၉-၁၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးခရစ်ယာဉ်ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ နာမကျန်းစဉ်မှ သင်္ဂြိုဟ်ပြီးစီးသည်အထိ အစစအရာရာကူညီကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြဝတီလမ်းသွယ်၊ မြေတိုင်းရပ်ကွက်- ၁၄၊ စီမံကိန်း (၂)၊ အမှတ် (၂၀၈)ရှိ ပေ(၂၆x၆၆) မြေအား နှစ် (၆၀) ဂရန်အမည်ပေါက်များဖြစ်ကြသည့် ၁။ ဦးသိုက်ထွန်းအောင်၊ ၂။ ဒေါ်ယဉ်ယဉ်မြင့်၊ ၃။ ဒေါ်ချယ်ရီထူး၊ ၄။ ဒေါ်စန်းစန်းဝင်း၊ ၅။ ဒေါ်စန်းစန်းနု၊ ၆။ ဒေါ်စန်းစန်းမြင့်တို့ထံမှ ဦးဇော်မင်းနိုင် [၁၂/သဃက(နိုင်)၀၄၈၅၀၅]မှ ဝယ်ယူခဲ့ပြီး ဦးတင်လှိုင်(ခ)အဘူဟာရှိမ်းနှင့် အကျိုးတူ ကန်ထရိုက်ပေး၍ ဆောက်လုပ်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်မူ [၇/ရတရ(နိုင်)၀၃၃၈၉၃]မှ အဆိုပါလိပ်စာရှိ (၃)ထပ်ခွဲ (၂၆ပေx၆၀ပေ) နှစ်ခန်းတွဲတိုက်၏ ပထမထပ်/B (၁၃ပေx၅၅ပေ) ရေ၊ မီးစုံ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ ကာယကံရှင်(ဝယ်သူ)ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်သွားပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၀)**
**အမှတ်(၇၈၇/မှန်ခန်း)၊ သုဇာတာ(၁၀)လမ်း၊ (၂)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၄၃၀၆၃၅၈၁**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၆)၊ မြေကွက်အမှတ် (၈၃၁)၊ ဒေါ်စုစု အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ် ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်ကျော် [၁၂/သဃက(နိုင်)၁၃၅၇၇၀]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် ဦးကျော်မင်း [၁၃/ကခန(နိုင်)၀၃၃၆၆၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ-**
**ဦးကျော်မင်း**

**ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြဌေး (H.G.P, LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၇၂၂၉**

---

## ဒေါ်ခင်ခင်ရီ
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**ဘဏ္ဍာရေး(စား/ဖျော်)**
## အသက် (၉၀) နှစ်

(ဦးလှအောင်-ဒေါ်လှကြည်)တို့၏ သမီး၊ (ဦးစိန်ဖေ)၏ ဇနီး၊ (ဦးမောင်မောင်ဟိန်း-ဒေါ်သန်းသန်းဟိန်)၊ (ဦးမောင်မောင်သန်း)တို့၏ ညီမ၊ ဦးမောင်မောင်သောင်း-ဒေါ်ဥမ္မာမြင့်၊ (ဦးစိုးမင်း-ဒေါ်ကြင်ကြင်)၊ (ဒေါ်ခင်မြမြ)၊ (ဒေါက်တာမောင်မောင်ကျော်)-ဒေါ်သီဂီလှ၊ (ဦးခင်မောင်လွင်)-ဒေါ်ဖြူဖြူခင်၊ ဒေါက်တာစိုးမြတ်ရင်-ဒေါက်တာမေစန်းကြည်တို့၏အစ်မသည် ၂၁-၁၂-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၂ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်မှ နေပြည်တော် စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

**ဘုရား၊ ရဟန်း၊ ဆွမ်းစားကျောင်း ဒါယိကာမကြီး**
## ဒေါ်ဘုတ်ဆုံ
**ကန်တော်ကလေး**
## အသက်(၁၀၃)နှစ်

အမှတ်(၁၃၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနေ (ဦးတင်မောင်)၏ဇနီး၊ ဒေါ်ကြင်ခါ၊ ဒေါ်ကြင်မြ၊ ဒေါ်ခင်ဖုန်းတင့်၊ (ဦးထွန်းလွင်)-ဒေါ်ခင်မာလာ၊ ဦးထွန်းမြင့်တို့၏မိခင်ကြီး၊ မြေး သုံးယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၂၂ ရက် နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၂ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခွန်ဆန်းမြင့်
## အသက် (၆၃)နှစ်

ဦးခွန်ဆန်းမြင့် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်) အသက် (၆၃)နှစ်သည် ၂၀-၁၂-၂၀၂၂ ရက်တွင် ပင်လုံမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**၁၉၈၂ ခု၊ မြန်မာ့စီးပွားရေးဘဏ်၊**
**လက်ထောက်မန်နေဂျာ(Third Batch)မှ**
**သူငယ်ချင်းများ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀အိုင်၃၊ မြေကွက်အမှတ် IV -၁၈၊ ဧရိယာ (၀.၀၄၇)ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၈၇၊ ၁၈၉၊ ၅၁လမ်း၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးစန်းမောင် [၁၂/ပဇတ(နိုင်) ၀၁၂၅၉၄]၊ ဒေါ်လှလှ [၁၂/ပဇတ(နိုင်)၀၁၂၅၉၅] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစန်းမောင် [၁၂/ပဇတ(နိုင်)၀၁၂၅၉၄]သည် (၅-၁၂-၂၀၁၉) ရက်တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ကျန်အမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဒေါ်လှလှထံမှ General power အမှတ်- ၁၄၂၂၃/ ၂၀၂၂ (၁၂-၈-၂၀၂၂)ရရှိသူ ဒေါ်ဥမ္မာစန်း [၁၄/လပတ(နိုင်)၀၀၁၀၁၅] မှ GP ပေးသူသက်ရှိထင်ရှားရှိကြောင်း၊ GP မရုပ်သိမ်းကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်လှလှ၏ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစန်းမောင်၏သေစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မိုးကုလားအုပ်စု၊ ဦးပိုင်အမှတ်-၂၅၊ ကွင်းအမည်-လေးအိမ်တန်း၊ ကွင်းအမှတ်-၁၈၇၅/ခ ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ကန်သာယာရပ်ကွက်၊ ရန်ကုန်-လိန်ပင်လမ်း၊ အမှတ်-၈၅၊ ဧရိယာ (၁. ၃၈) ဧကခန့်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော R/C တစ်ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ကျင်လှိုင် (၁၄/ဇလန (နိုင်) ၀၄၁၅၈၁) တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ခဲ့သော မြေနှင့် အဆောက်အဦဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အဦတို့ကို ဒေါ်ကျင်လှိုင်က မိမိ၏မြေးအရင်းတော်စပ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးဖွဲ့ပြည့်စုံ (၁၂/တကန (နိုင်) ၁၈၅၈၆၈) ထံသို့ (၁၀-၂-၂၀၂၀) နေ့စွဲပါ မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အရ လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် လွှဲပြောင်းပေးသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဖွဲ့ပြည့်စုံတစ်ဦးသာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖွဲ့ပြည့်စုံ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာဇာဖြူ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၆၂)
အမှတ်-၂၇/၂၉၊ တတိယထပ်၊ ၃၅ လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၅၂၆၈၄၁၃

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်အေး
**B.Sc. Physics, B.Ed (အ.ထ.ပြ-ငြိမ်း)**
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၀)ပ၊ ငွေဝတ်မှုံရိပ်သာနှင့် အမှတ် (၁၇/A)၊ ပင်လုံအိမ်ရာ(၂)၊ မြောက်ဒဂုံမြို့နယ်နေ [ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)-ဒေါ်တင်တင်အေး] တို့၏သမီးကြီး၊ ဗိုလ်ချုပ်တင်ထွန်းအေး(ငြိမ်း)-ဒေါ်သင်းသင်းစိုး၊ ဗိုလ်ကြီးခင်မောင်အေး(ငြိမ်း)-ဒေါ်ခင်စန်းဝင်း၊ ဒေါ်သက်သက်နွယ်အေး-ဒေါက်တာသန်းထွန်းအောင်၊ (ဦးထွန်းနိုင်အေး)၊ ဒေါ်ချောစုစုအေး-ဦးအေးမောင်ဝင်းတို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ ကြီးကြီး၊ မြေး နှစ်ယောက်တို့၏ ဘွားဘွားသည် ၁၈-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၀-၁၂-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီတွင် မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်အေး
**B.Sc, Physics B.Ed (အထပြ-ငြိမ်း)**
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၇၀)ပ၊ ငွေဝတ်မှုံရိပ်သာနှင့် အမှတ် (၁၇/A)၊ ပင်လုံအိမ်ရာ(၂)၊ မြောက်ဒဂုံမြို့နယ်နေ [ဒုတိယဗိုလ်ချုပ်ကြီးအေးသောင်(ငြိမ်း)- ဒေါ်တင်တင်အေး] တို့၏ သမီးကြီး၊ မမြတ်ရွှေစင်ထွန်း-ဒေါက်တာလွင်ဆန်းကို၊ ဒေါက်တာပုလဲဖြူစင်ထွန်း-ဒေါက်တာသက်မင်းထွန်း၊ ကိုပိုးသက်ထွန်း၊ ဒေါက်တာစည်သူအောင်၊ ကိုကျော်ဇင်အေး၊ ဒေါက်တာသဇင်သဲစုအေး၊ ဒေါက်တာရဲမင်းထွဋ်၊ မလင်းလင်းရတနာအေး၊ မခင်ပန်းချီ၊ မခင်ဘုန်းပြည့်တို့၏ ကြီးကြီး၊ မောင်မင်းသံလွင်ထွန်း၊ မရှုမဝရွှန်းလက်ထွန်းတို့၏ ဘွားဘွားသည် ၁၈-၁၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၀-၁၂-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၂ (စနေနေ့) နံနက် ၇ နာရီတွင် မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးခင်မောင်ဝင်း
**ဒု/ဦးစီးမှူး(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန**
## အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၂/ခ)၊ ခရေပင်လမ်း၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ (ဦးထွန်းစိန်-ဒေါ်ညွန့်)တို့၏သား၊ (ဦးရီ-ဒေါ်ကျင်)တို့၏ သားသမက်၊ ဒေါ်ကျင်မွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သူရ-ဒေါ်ဖြူဖြူဝင်း(စင်ကာပူ)၊ ဦးညိုမောင်ဝင်း-ဒေါ်အေးအေးနွယ်တို့၏ဖခင်၊ မဝင်းဝင့်အောင်၊ မောင်မြင့်မြတ်မောင်မောင်တို့၏ ချစ်လှစွာသောအဘိုး ဦးခင်မောင်ဝင်းသည် ၂၁-၁၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၂၂ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ ရွှေသံလွင်၊ မြေကွက်အမှတ် ၆၂ ဧရိယာ(၂.၂၈၀)ဧက မြေကွက်တည်နေရာအမှတ်-၆၂၊ ဆိပ်ကမ်းသာလမ်း၊ အပြင် ပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဦးအေးမြင့် [၁၂/မဂတ(နိုင်) ၀၄၅၅၀၀]၊ ဦးရန်နိုင်ဝင်း [၁၃/တကန(နိုင်)၁၃၀၅၃၁]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးအေးမြင့်သည် (၂၆-၆-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်အေးလွင် [၁၂/မဂတ(နိုင်)၀၆၉၆၃၇]မှ ဦးအေးမြင့်၏ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် အခြား အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်ခင်အေးလွင် ကိုယ်တိုင်ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန် မူရင်းတို့တင်ပြ၍ ကျန်အမည်ပေါက်ဖြစ်သူ ဦးရန်နိုင်ဝင်း [၁၃/တကန(နိုင်)၁၃၀၅၃၁]နှင့်အတူ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---



**ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ဆောင်ရွက်ရာမှာ ရပ်တည်သွားရမယ့် အခြေခံအချက် ၂ ခုရှိပါမယ်။ ဒါတွေကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။ နောက်တစ်ခုကတော့ အခြေခံဥပဒေ(၂၀၀၈)ခုနှစ်အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်သွားပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း(၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် တည်ဆောက်ပြီး အဆိုပါစနစ်ကို ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၁

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❋




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေး(၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

## လက်စတာစီးတီး၊ ဆောက်သမ်တန်၊ နယူးကာဆယ်နှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ ပြိုင်ဘက်အသင်းများကို အနိုင်ရပြီး ကာရာဘောင်ဖလား ကွာတားဖိုင်နယ်တက်လှမ်း




လက်စတာစီးတီးအသင်းကစားသမားများ အမ်ကေဒွန်းအသင်းကို အနိုင်ရပြီး အောင်ပွဲခံစဉ်။

လက်စတာစီးတီးအသင်း၊ ဆောက်သမ်တန်အသင်း၊ နယူးကာဆယ်အသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ဟာ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလား ၁၆ သင်းအဆင့်ပွဲစဉ်မှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းဟာ အမ်ကေဒွန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး လက်စတာစီးတီးအသင်းက တီယယ်လီမန်၊ အယိုဇီပီရက်စ်၊ ဂျိမ်းဗာဒီတို့ရဲ့ သွင်းဂိုးတွေနဲ့ အမ်ကေဒွန်းအသင်းကို

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ○

### ယနေ့ ဖတ်စရာ

**စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသားရွှေဒင်္ဂါးများအား အသစ်သွန်းလောင်းထုတ်ဝေမည်**

စာမျက်နှာ » ၁၃

**ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်**

စာမျက်နှာ » ၁၅